# ရေးလာတဲ့ပေးစာ



**အယ်ဒီတာထံပေးစာ–**

ဗမာပြည် ပညာရေးကဏ္ဍနဲ့ပတ်သက်လို့ နအဖ ရဲ့ဝါဒဖြန့် ချိရေး မီဒီယာတွေ ဖြစ်တဲ့ ၁၅၊ ၃၊ ၂၀၀၇ ရက်နေ့ထုတ် မြန်မာ့အလင်း၊ ကြေးမုံသတင်းစာထဲမှာ*[တိုင်းရင်းသားပြည်သူတရပ်လုံး“ဖွံ့ဖြိုးတိုးတက်မှု ရပိုင်ခွင့်”ဟူသည့် အခြေခံလူ့အခွင့်အရေးများပိုမိုတိုးမြှင့်ရရှိရေး အတွက် နိုင်ငံတော်အစိုးရမှကြိုးပမ်း ဖော်ဆောင်ပေးလျက်ရှိသော ပကတိဖြစ်ရပ်မှန်များ]* ဆိုတဲ့ စာလုံးမဲမဲ ထုထုခေါင်းစဉ်ကြီးတပ်ပြီး မစားရဝခမန်း ရေးသားဖော် ပြထားတာကတွေ့ရပါတယ်။

*“ပညာသင်ယူမှုအခွင့်အလမ်းများပွင့်လန်းတိုးတက်ရေး”* ခေါင်းစဉ်ငယ်အောက်မှာ ၁၉၈၈ ခုနှစ်နဲ့နှိုင်းယှဉ်ပြီး အရေအတွက် မည်၍မည်မျှ တိုးတက်လာပုံကို အောက်ပါအတိုင်း စာရင်းဇယားနဲ့ ပြထားပါတယ်။

| ကျောင်းအရေအတွက် | ၁၉၈၈ | ယခု |
|---|---|---|
| မူလတန်းကျောင်း | ၃၁,၃၂၉ | ၃၅,၈၉၃ |
| အလယ်တန်းကျောင်း | ၁,၆၉၆ | ၂,၆၀၀ |
| အထက်တန်းကျောင်း | ၇၂၂ | ၂,၀၆၅ |
| တက္ကသိုလ်/ကောလိပ် | ၃၂ | ၁၆၀ |
| အဆင့်မြင့်ကျောင်းသားပေါင်း | ၁၆,၀၀၀ | ၄၂၈,၀၀၀ |
| ဘွဲ့ရသူပေါင်း | ၄၅၈,၀၀၀ | ၁.၂၂ သန်း |

ဗမာပြည်အကြောင်း အတွင်းကျကျမသိတဲ့ သူတွေကတော့ စစ်အစိုးရရဲ့လုပ်ဆောင်ချက်တွေအပေါ်“တယ်ဟုတ်ပါလား”လို့ ချီးမွမ်းကောင်းချီးမွမ်းနေပါလိမ့်မယ်။သို့သော်တကယ်တမ်းစစ်ရေးဖက် ကိုကြည့်လိုက်ရင် တပ်ရင်းအရေအတွက်မတန်တဆ တိုးလာနေပေမဲ့ တပ်သားအရေအတွက်ကတော့ များလာတာမတွေ့ရပါဘူး။ အရည် အချင်းပိုပိုနိမ့်ကျလာနေပုံကလည်း ပညာရေးကဏ္ဍနဲ့ တပုံစံထဲလို ဖြစ်နေပါတယ်။

နမူနာပြရရင် တာချီလိတ်အခြေစိုက် ခမရ ၃၅၉ က အသက် (၄၆)နှစ် ရှိနေပြီဖြစ်တဲ့ ဗိုလ်ကြီးတင်နွယ်ဟာ ရာထူးတက်လမ်းမရှိ တော့ပဲ ကျိုင်းတုံ နည်းပညာကောလိပ်ကို ပို့ခံလိုက်ရပါတယ်။ အဲဒီ လူကအခြေခံအဆင့်မြင့်ပညာ(၁၀)တန်းကို တက်ဖူးရုံပဲရှိပါတယ်။ ဒါပေမဲ့သူ့ရာထူးက **မော်ကွန်းထိန်း** တဲ့။ကြားလို့မှကောင်းသေးရဲ့လား။

ကွန်ပြူတာကောလိပ်တွေမှာလဲဘွဲ့ယူရင် အမျိုးသမီး ၁၀ ဦး မှာ အမျိုးသား ၄ ဦးအချိုးပဲကျန်တယ်။ ဘာဖြစ်လို့လဲဆိုတော့ *“အမျိုးသားတွေက ကွန်ပြူတာတတ်ပြီးရင် ထိန်းရခက်တယ်။ အမျိုး သမီးတွေလိုဝန်ကြီးတို့၊ ညွှန်ကြားရေးမှူးချုပ်တို့ရဲ့ အတွင်းရေးမှူး ရာထူးလောက်နဲ့ မတင်းတိမ်ကျေနပ်မနေနိုင်ဘူး”*ဆိုတဲ့ ယူဆချက် ကြောင့်ပါပဲ။ ဒါကြောင့် ကျောင်းသားတွေကို အမြဲပြဿနာရှာပြီး ကျောင်းထုတ်ပစ်တာ ခံရတဲ့အတွက် အမျိုးသား (၄) ဦးမှာ အမျိုးသမီး (၁၀) ဦးအချိုး ဖြစ်လာရတာပါ။

ဒါနဲ့ပြောင်းပြန်တွေ့မြင်နိုင်တာကတော့ ဆေးကောလိပ် မှာပါ။ ဆေးပညာသင်ကြားဖို့ အမျိုးသမီးတွေကိုလက်ခံတာ နည်းပါ တယ်။ အမျိုးသမီးတွေဆရာဝန်ဖြစ်သွားရင် သူတို့ဖာသာ လွတ်လပ် စွာရပ်တည်နိုင်တယ်လို့ ထင်မြင်ယူဆတာကြောင့်ဖြစ်ပါတယ်။

ဒီ့အပြင် မလိုအပ်တဲ့အပိုစည်းကမ်းတွေ ချထားပုံကလည်း *“ကျိုင်းတုံ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ် ပုရဝုဏ်ထဲမှာ စစ်ဖက်ကလွဲလို့ ဘောင်းဘီမဝတ်ရ”*ဆိုတဲ့ စည်းကမ်းထုတ်ထားလို့ ကျောင်းသားတွေ က *“ကျနော်တို့ဝတ်တဲ့ပုဆိုးတွေ လေတိုက်ရင် အမြောက်တံဆိပ် တွေဖြစ်တော့မှာပဲ”* လို့တောင် ညည်းတွားနေကြပါတယ်။

နောက်တခါ ဆရာ /ဆရာမ တွေအတွက် ကြားပေါက်ဝင်ငွေ ရနေတဲ့ကျူရှင်တွေ ပိတ်ခံလိုက်ရပြီးတဲ့နောက်ပိုင်း မြို့ကြီးတွေမှာ ဆရာ/ ဆရာမ တွေဟာ သူတို့နည်းသူတို့ဟန်နဲ့ ဆန္ဒပြနေကြပြီလို့ တောင်ကြားရပါတယ်။ ပဉ္စမတန်း ကနေ ဆယ်တန်းအထိ ဆရာဦးရေ ပျမ်းမျှ ၅ ယောက်အထိလျော့နည်းသွားပြီလို့ ပညာရေးဌါနက မိတ်ဆွေတဦးကပြောပါတယ်။ စာသင်ချိန်မှာကျောင်းသားတွေကို စာကူးခိုင်း၊ စာကျက်ခိုင်းတာပဲလုပ်ပြီး ဆရာက ကျောင်းသားတွေ နား လည်သဘောပေါက်အောင် သွန်သင်ရှင်းလင်းပြတာမျိုး မရှိတော့ဘူး လို့ဆိုပါတယ်။ နည်းပညာကောလိပ်တက္ကသိုလ်တွေမှာလည်း ဘာသာ စုံသင်ပြနိုင်တာ တောင်ကြီးမှာ ဗိုလ်ချုပ်ကြီးမောင်အေး ဖွင့်ထားတဲ့ **အေးသာယာကျောင်း** ကလွဲလို့တခြားမရှိတော့ပါဘူး။ အကျွမ်းကျင်ဆုံး နည်းပြပါမောက္ခဆရာတွေဆိုရင် ကျောက်ဆည်သား စက်မှုဝန်ကြီး ဦးအောင်သောင်း(DSA ရွှေဒါးလွယ်ဆုရသူ) ကဖွင့်တဲ့ **ကျောက်ဆည် တက္ကသိုလ်** ကလွဲလို့မရှိတော့ဘူး လို့ကြားသိခဲ့ရပါတယ်။

ဒီလိုဖြစ်ရပ်တွေအားလုံးကို ခြုံကြည့်လိုက်ရင် ဗမာပြည်သူ လူထုကို အနှစ်မရှိတဲ့ တော ဖြစ်အောင်လုပ်ပြီး ကြက်ဆူပင်က မင်းမူ နိုင်အောင် ကြံဖန်နေတဲ့ စီမံကိန်းပါပဲ လို့သုံးသပ်လို့ရပါတယ်။

**ကျိုင်းတုံမြို့သားတဦး**

## နိုင်ငံရေး

# ဦးထွန်းမြင့် (တောင်ကြီး) မှ ဗိုလ်ချုပ် ခင်ညွန့် သို့

တောင်ကြီးမြို့။ ၁၂-၉-၉၀

**ဗိုလ်ချုပ်ခင်ညွန့်ခင်ဗျား ...**

၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာ ၁၁ ရက်နေ့ သတင်းစာရှင်းလင်းပွဲမှာ ဗိုလ်ချုပ်ခင်ညွန့် ပြောသွားခဲ့တဲ့ မိန့်ခွန်းအပြည့်အစုံကို ကျနော် အစအဆုံးနားထောင်ခဲ့ပါတယ်။

အမည်နာမ မထုတ်ဖော်ခဲ့ပေမဲ့ ကျနော့်ကို ရည်ညွှန်းပြောဆိုသွားတဲ့စကားပိုဒ်တစ်ပိုဒ်ကို ကျနော်ကြားလိုက်ရတဲ့အတွက် ဒီစာကို ရေးလိုက်ခြင်းဖြစ်ပါတယ်။



ဦးထွန်းမြင့်(တောင်ကြီး)



Photo : Website

ဗိုလ်ခင်ညွန့်

ကျနော်ပြောခဲ့တယ်လို့ ဗိုလ်ချုပ်ရည်ညွှန်းပြောသွားတဲ့စကားတစ်ပိုဒ်ဟာတိုတိုလေးဘဲဖြစ်ပါတယ်။ အဲ့ဒီစကားပိုဒ်ရဲ့အဓိပ္ပါယ်ပါဝင်တဲ့ အပြည့်အစုံဟာ အောက်ပါအတိုင်းဖြစ်ပါတယ်။

"... (၁၃) နှစ်လုံးလုံးစမ်းသပ်ပြီးလို့မအောင်မြင်တဲ့ ဒီအခြေခံဥပဒေကို ပြင်ဆင်ပေးရန်သင့်တော်ပြီလို့ကျနော်ယူဆပါတယ်။ ကျနော်တို့ရဲ့ပြည်ထောင်စုမှုအပေါ်မှာ ရှမ်းပြည်က အမျိုးသားများဟာ အင်မတန်စည်းလုံးညီညွတ်နေပါတယ်။ အခြားပြဿနာတွေအပေါ်မှာ ဘယ်လောက်ဘဲသဘောကွဲလွဲကွဲလွဲ ပြည်ထောင်စုမှု အပေါ်မှာတော့ တသွေးထဲတသံထဲရှိကြပါတယ်။ ကျနော်တို့ဟာပြည်ထောင်စုမှု ခေါ်တဲ့တန်းတူရေးတောင်းဆိုမှုအပေါ်မှာ အလွန်ခိုင်မာတဲ့အမျိုးသားညီညွတ်ရေးကိုတည်ဆောက်ပြီးဖြစ်ပါတယ်။ (စစ်မှန်တဲ့)ပြည်ထောင်စုကြီးအကောင်အထည်ပေါ်လာရေးအတွက် မမှိတ်မသုံ ချီတက်ကြဖို့ ကျနော်အားလုံးအဓိဋ္ဌာန်ချထားပြီးဖြစ်ပါတယ်။ ကျနော်တို့ ရှမ်းပြည်အနေနဲ့တော့ ဒီပြည်ထောင်စုမှုကို မရရတဲ့နည်းနဲ့ အကောင်အထည်ပေါ်အောင်ကြိုးစားလိမ့်မယ်လို့ ကျနော်ဒီနေရာမှာ ထုတ်ဖော်ပြောဆိုလိုပါတယ်။ မရရတဲ့နည်းနဲ့ကြိုးစားမယ်ဆိုလို့ ရရင်ရ၊မရရင်ချမယ်ဆိုတဲ့အဓိပ္ပါယ်ကိုမကောက်ယူကြပါရန် ကျနော်ကြိုတင်တောင်းပန်လိုပါတယ်။

ယခုနောက်ဆုံးအစီရင်ခံမဲ့အချက်ကို လူကြီးမင်းများ လေးလေးနက်နက်နာခံပြီး စဉ်းစားစေချင်ပါတယ်။ အထူးသဖြင့် မြန်မာပြည်က ခေါင်းဆောင်ကြီးများ အလေးအနက်စဉ်းစားစေချင်ပါတယ်။ မရရတဲ့နည်းဆိုတာဟာ အသားလွှတ်ခြိမ်းခြောက်တာမဟုတ်ပါဘူး။ ကျနော်တို့ရဲ့တန်းတူရည်တူတောင်းဆိုမှုကို ပစ်ပစ်ခါခါငြင်းပယ်ကြရင် ရှမ်းပြည်တစ်ပြည်အနေနဲ့တော့ မလွှဲမသွေဒီလမ်းကိုလိုက်တော့မှာဆိုတာတော့ ကျနော်က စေတနာကောင်းနဲ့ ကြိုတင်၍ သတိပေးနေခြင်းဖြစ်ပါတယ်။

အခုကျနော်တို့ရှမ်းမှူခေါ်တဲ့ ပြည်ထောင်စုမှုကို မိသားစုစိတ်ဓါတ်၊ မိသားစုနည်းနဲ့တင်ပြတောင်းဆိုနေကြခြင်းဖြစ်ပါတယ်။ ကျနော်တို့ရဲ့လိုလားချက်တွေဟာ အမှန်တကယ် (Genuine) ဖြစ်တယ်လို့သဘောပေါက်ပြရင် ကျနော်တို့တင်ပြချက်တွေကို အခြေခံထားပြီး အလေးအနက်စဉ်းစားဆွေးနွေးစေချင်ပါတယ်။ မိသားစုစိတ်ဓါတ်၊ မိသားစုနည်းနဲ့ဆက်လက်ညှိနှိုင်းစေလိုပါတယ်။ ဒါမှမဟုတ်ရင်တော့ ကျနော်တို့ဟာ မိသားစုမဟုတ်တဲ့နည်းနဲ့လမ်းနဲ့ ပြည်ထောင်စုစစ်စစ်မှုကိုရအောင် ဆောင်ရွက်ရပါလိမ့်မယ်။ အဲ့ဒီနည်းလမ်းကတော့ အခြားမဟုတ်ပါဘူး၊ ဟောဒီအခြေခံဥပဒေဘောင်အတွင်းကပဲ ဒီမိုကရေစီနည်းလမ်းကျစွာနဲ့ ကျနော်တို့ဆောင်ရွက်ပါ့မယ်။ ကျနော်တို့ ဘယ်လိုဆောင်ရွက်မလဲဆိုရင် ကျနော်တို့ဟာ ပြည်ထောင်စုစစ်စစ်မှုကို ဘာကြောင့်လိုလားတယ်၊ မိသားစုနည်းနဲ့ဘယ်အခြေထိဆောင်ရွက်ခဲ့တယ်၊ နောက်ဆုံး ဘာအဖြေရတယ်ဆိုတာကို ကျနော်တို့ရှမ်းပြည်လူထုဆီကို ကျယ်ကျယ်ပြန့်ပြန့် အစီရင်ခံပါ့မယ်။ ပြီးတော့ကျနော်တို့ဟာ မိသားစုနည်းလမ်းတော့ကုန်ပြီ။ အဲ့ဒီမိသားစုနည်းလမ်းကုန်တဲ့အတွက် ကျနော်တို့ဟာ ပြည်ထောင်စုစစ်စစ်မှုကိုရဖို့အတွက် မလွှဲမရှောင်သာ နောက်ဆုံးလမ်းကိုလိုက်ရပါတော့မယ်လို့ ရှမ်းပြည်လူထုကိုတင်ပြပါ့မယ်။ အဲ့ဒီနောက်ဆုံးနည်းလမ်းက ဘာလဲဆိုရင် ကျနော်တို့ရှမ်းပြည်ဟာ အခြေခံဥပဒေအခန်း (၁၀)က ပေးအပ်ထားတဲ့အခွင့်အရေးများအရ လက်ရှိပြည်ထောင်စုထဲက ခွဲထွက်ရပါလိမ့်မယ်။ အဲ့ဒီလိုခွဲထွက်ခြင်းဟာ တထီးတန်းနေဖို့အတွက်မဟုတ်၊ ခွဲထွက်ပြီးယိုးဒယားနဲ့ပေါင်းဖို့လည်းမဟုတ်၊ လက်ရှိမြန်မာပြည်ထောင်စုနဲ့တန်းတူရည်တူ ပြည်ထောင်စုစစ်စစ်မှုအရ ပြန်လည်ပူးပေါင်းဖို့ဖြစ်တဲ့အကြောင်း ရှမ်းပြည်လူထုကို ကျနော်တို့ ကျယ်ကျယ်ပြန့်ပြန့်တင်ပြပါ့မယ်။ အဲ့ဒီအခါမှာ ကျနော်တို့ရှမ်းပြည်မှာ ဒီမိုကရေစီနည်းအရ အင်အားပြိုင်ကြပါစို့။

ပြည်ပခေါင်းဆောင်ကြီးများကလည်း ရှမ်းပြည်လာပြီးတော့ ပြည်ထောင်စုစစ်စစ်မှုကိုဘာကြောင့်လက်မခံနိုင်တဲ့အကြောင်း၊ လက်ရှိအခြေခံဥပဒေဟာ ဘယ်လောက်ကောင်းမွန်တယ်ဆိုတဲ့အကြောင်း၊ လာပြီးတင်ပြကြပါ။ အဲ့ဒီလမ်းစဉ်ကိုမလိုက်မီ ပြည်မခေါင်းဆောင်များနဲ့ ကျနော်တို့ရှမ်းပြည်ခေါင်းဆောင်များ လက်နက်နဲ့မဖိနှိပ်ပါ၊ လက်နက်ကိုင်လမ်းစဉ်မသုံးပါဆိုတဲ့ဒီမိုကရေစီစာချုပ်တရပ်ကိုချုပ်ဆိုကြရအောင်။

ကျနော်တို့အနေနဲ့ ကျနော်တို့ရဲ့တောင်းဆိုချက်တွေဟာ တရားသောတောင်းဆိုချက်ဖြစ်တယ်လို့ယုံကြည်ပါတယ်။ ရှမ်းပြည်လူထုက (၉၀) ရာခိုင်နှုန်း ထောက်ခံအားပေးမယ်လို့ အတိအလင်းယုံကြည်ပါတယ်။ ပြည်ထောင်စုစစ်စစ်မှုကို မိသားစုနည်းနဲ့မရရင် တစိမ်းနည်းနဲ့ဘဲလုပ်ရမယ်လို့လည်းယုံကြည်ပါတယ်။ဒီထိအောင်ကျနော်တို့ဟာပြည်ထောင်စုစစ်စစ်မှုအပေါ် မှာယုံကြည်မှုပြင်းထန်နေကြပါတယ်။ အဲ့ဒီလိုတစိမ်းနည်းနဲ့ခွဲထွက်ပြီးတော့မှ တန်းတူရည်တူ ပြည်ထောင်စုဖွဲ့ကြဖို့ကျနော်တို့ကလာပြီးကမ်းလှမ်းတဲ့အခါကျရင်ပြည်မခေါင်းဆောင်များက တန်းတူမှုမပေးနိုင်ဘူးလို့ ထပ်ပြီးပယ်ချကြဦးမှာလား?

ကျနော်တို့နည်းက ငှက်ပျောပွဲ၊ အုန်းပွဲနဲ့တင်တောင်းလို့မရတဲ့နောက် ကားတင်ပြေးတဲ့နည်းဘဲဖြစ်ပါတယ်။ အဲ့ဒီအဖြစ်မျိုးကို ကျနော်တို့အနေနဲ့ မရောက်စေချင်ပါဘူး။ မိသားဖသားပီပီ အုန်းပွဲ၊ ငှက်ပျောပွဲနဲ့တင်တောင်းပါရစေလို့ လေးလေးနက်နက်တောင်းပန်ရင်း ကျနော်နိဂုံးချုပ်လိုက်ပါတယ်။”

ဗိုလ်ချုပ်ခင်ဗျား...

အထက်ပါစာပိုဒ်တွေဟာ ကျနော်အမှန်တကယ်ပြောခဲ့တဲ့စကားတွေမဟုတ်ပါဘူး။ ၁၉၆၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်မှာ စတင်ကျင်းပခဲ့တဲ့ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံနီးနှောဖလှယ်ပွဲမှာ ရှမ်းပြည်ကိုယ်စားလှယ်ပြောကြားဖို့ရေးသားတဲ့ မိန့်ခွန်းအကြမ်း **(Draft)**ပါ စကားပိုဒ်သာဖြစ်ပါတယ်။ အဲ့ဒီမိန့်ခွန်းအကြမ်းကို ကျနော်စီကုံးခဲ့တာမှန်ပါတယ်။ ပြောမဲ့ကိုယ်စားလှယ်မရွေးရသေးတဲ့အတွက် ကျနော်ပြောရလိမ့်မယ်လို့မသိသေးပါဘူး။

ဒီမိန့်ခွန်းအကြမ်းကို စီစစ်ရေးအဖွဲ့ကိုတင်ပြပါတယ်။ အဲ့ဒီအဖွဲ့မှာဒေါက်တာစောလှထွန်း(ကရင်)၊ စဝ်ထွန်းအေး(ရှမ်း)၊ ဦးသာထွန်း(သံအမတ်အငြိမ်းစား–ရခိုင်)၊ မွန်ငွေသိန်း၊ ဦးကျော်စိန် (ပအိုဝ့်)၊ ဦးစိုးမောင်(အင်းလေး) တို့ပါဝင်ပါတယ်။ အဲ့ဒီအဖွဲ့မှာ စီစစ်တည်းဖြတ်သုတ်သင်ကြတဲ့အခါ အထက်ပါစကားပိုဒ်တစ်ခုလုံးကို ဖြုတ်ပစ်လိုက်ပါတယ်။

ဒေါက်တာ စောလှထွန်းနဲ့ စဝ်ထွန်းအေးတို့က ...ဝန်ကြီးချုပ်ဦးနုပြောပြီးပြီ၊ အများသဘောတူရင် ပြည်ထောင်စုစစ်စစ်မှုကို ပြင်ပေးမယ်တဲ့၊ ဒါကြောင့်တင်းမာတဲ့စကားမျိုးပြောဖို့မလိုဘူး... လို့ပြောကြပါတယ်။

ဒါကြောင့် တည်းဖြတ်သုတ်သင်ပြီးတဲ့ မိန့်ခွန်းအချောမှာ အဲ့ဒီဟာလုံးဝမပါတော့ပါဘူး။ ရှမ်းပြည်ကိုယ်စားလှယ်အဖြစ် ကျနော့်ကိုရွေးလို့ ဖေဖော်ဝါရီလ (၂၄) ရက်နေ့ညမှာ ကျနော်မိန့်ခွန်းပြောတဲ့အခါ အဆိုပါစကားရပ်များ မပါဝင်တော့ပါ။

ဗိုလ်ချုပ်မှူးကြီး စောမောင်နှင့်တကွ ဗိုလ်ချုပ်ခင်ညွန့်တို့နဝတ အဖွဲ့က မြန်မာ့သမိုင်းဖြစ်ရပ်မှန်များ ရေးသားပြုစုနေတဲ့ကာလမှာ တိမ်းစောင်းနေတဲ့အချက်အလက်များ အမှန်အတိုင်းဖြစ်စေရန် ရည်ရွယ်ပြီး ကျနော်ဒီစာကိုရေးလိုက်ခြင်းဖြစ်ပါတယ်။

ကျနော်ရေးခဲ့တဲ့မိန့်ခွန်းအကြမ်းကော ကျနော်ပြောခဲ့တဲ့မိန့်ခွန်းအချောပါ ဗိုလ်ချုပ်တို့မှာ ရှိမယ်လို့ကျနော်ယုံကြည်ပါတယ်။ မိန့်ခွန်းအချောကိုကျောက်မြောင်း၊ သဂ္ဂလမ်း ဒို့တာဝန် ပုံနှိပ်တိုက်မှာရိုက်နှိပ်ခဲ့တာမို့ စောင်ရေအများကြီးရှိပါလိမ့်မယ်။ ဗိုလ်ချုပ်အလုပ်အလွန်များနေတဲ့ကြားက အချိန်ယူပြီး နှိုင်းယှဉ်ဖတ်ပါရန် ကျနော်လေးစားစွာမေတ္တာရပ်ခံပါတယ်။

၁၉၆၂ ခုနှစ်၊ မတ်လ (၂) ရက်နေ့ တော်လှန်ရေးကောင်စီအာဏာသိမ်းပြီးတဲ့နောက် ကျနော်တို့အား ထိန်းသိမ်းထားစဉ်ရေကြည်အိုင်တွင် တပ်မတော်ထောက်လှမ်းရေး(ထိုစဉ်ကဗိုလ်ကြီးဘိုနီ)

စာမျက်နှာ ၃၄ သို့



“ပြည်နယ်ပေါင်းစုံညီလာခံကြီး” မှတ်တမ်းစာအုပ်ပါ– ပြည်နယ်များညီညွတ်ရေးအဖွဲ့၏အမှုဆောင်အဖွဲ့မှထိုစဉ်က တိုင်းရင်းသားခေါင်းဆောင်များ

# လက်ရှိ "ရန်-ငါ" အခြေအနေအထား၊ ကုစားရမဲ့ ကိုယ့်ဟာကျွက်

ဒီနေ့ဗမာပြည်အရေး၊ သျှမ်းပြည်အရေးတွေမှာ နိုင်ငံတကာ ထောက်ခံမှုအားကောင်းပေမဲ့ ကာယကံရှင် နိုင်ငံရေးလုပ်နေသူတွေ လက်နက်ကိုင်တပ်ဖွဲ့တွေရဲ့ ရပ်တည်မှုအနေအထားက ရှေ့မတိုးဘဲ နောက်ဆုတ်နေတယ်လို့မြင်တယ်။

နအဖ ကမခေါ်သေးဘဲ သွားချင်နေကြသူတွေ၊ စကားကမ်း လှမ်းတာတွေ၊ နအဖ ဆန့်ကျင်ရေးလက်နက်ကိုင်တိုက်ပွဲမလုပ်ရဘဲ အချင်းချင်းကိုဘဲ ဦးတည်တိုက်နေကြတာတွေ ရှိနေတာဟာ နအဖ အတွက်အကျိုးပြုနေတယ်။

ပြန်ပြီးဆန်းစစ်ကြည့်ရင် နအဖ ကြောက်နေတာက အမျိုး သားပေါင်းစုံညီညွတ်ရေးအင်အားစုဘဲ။ နအဖ နံပါတ်တစ် အကြောက် ရဆုံးက သူ့တပ်ကိုပါ။ နံပါတ်နှစ်ကတော့ အမျိုးသားလက်နက်ကိုင် တော်လှန်ရေးတွေပေ့ါ။ ပါးစပ်နဲ့တိုက်နေတဲ့ ဒီမိုကရေစီအင်အားစုကို တော့ နအဖ မကြောက်ပါဘူး။ ခေတ္တခဏ အကြပ်အတည်းနဲ့ ရင်ဆိုင် ရပေမဲ့ ရေရှည်မှာ တရုတ်၊ ရုရှား၊ အိန္ဒိယအားကိုးနဲ့ အရက်မရှိ အရည် ထူနေတဲ့မျက်နှာနဲ့ မိမိကိုယ်ကျိုး၊ မိသားစုအကျိုး၊ ဆွေမျိုးစုအကျိုး အတွက်ညစ်ပတ်ကောက်ကျစ် စုတ်ပဲ့ ယုတ်မာ ကလိမ်ကကျစ် အရိုင်း အစိုင်းအကျင့်တွေ ဉာဏ်နီဉာဏ်နက်တွေ စွဲနေတာဖြစ်တယ်။ ပုလ္လင် ပေါ် ကဆင်း အာဏာလွှဲပေး (သို့မဟုတ်) ဒီမိုကရေစီလမ်းဖွင့်ပေးလိုက် တာနဲ့ပြည်သူ့ခုံရုံး (ဝါ) ကမ္ဘာ့ခုံရုံးတွေနဲ့ ရင်ဆိုင်ရမှာသိနေလို့ ကျားမြီး ဆွဲသလိုဖြစ်ပြီးအတတ်နိုင်ဆုံး မျက်စိမှိတ် ထိန်းချုပ်ထားတာဖြစ်တယ်။

နအဖ ဟာသူတို့လုပ်ရပ်မှားတာကိုလည်းသိတယ်။ မလုပ် တတ်တာ၊ ကျွမ်းကျင်မှုအရည်အချင်းမရှိတာကိုလည်းသိပါတယ်။ ပြည်သူတွေရဲ့စားဝတ်နေရေးဘက်ပေါင်းစုံ ဒုက္ခရောက်နေတာကို လည်းသိတယ်။ပြည်သူလူထုက နအဖကိုရွံမုန်းနေတာလည်းသိတယ်။ နိုင်ငံတကာရဲ့ ပစ်ပယ်မှုခံနေရတာကိုလည်းသိတယ်။ နအဖကြောင့် **ASEAN** နဲ့ **EU** ဆက်ဆံရေး ကသိကအောင့်ဖြစ်တာကိုလည်း သိတယ်။ နိုင်ငံတကာရဲ့ဖိအားကြောင့် တရုတ်တပည့်ဖြစ်သွားရတာ ကိုလည်းသိတယ်။ လက်တဆုပ်စာလူတန်းစားအတွက် တိုင်းပြည်ဂုဏ် သိက္ခာကို မထောက်ထားနိုင်တော့ဘဲ တရုတ်အလိုကျ လိုက်လျော ကျွန်ခံနေရတာလည်း သူတို့သိပါတယ်။

ဒါကြောင့် အာဏာတည်မြဲရေးအတွက် အာဏာကိုအတတ် နိုင်ဆုံး၊ အကြာဆုံးချုပ်ကိုင်ထားနိုင်ဖို့ ပြည်သူတွေမလှုန်နိုင်အောင် ကြောက်နေရအောင်လုပ်ထားတာဖြစ်တယ်။ (အာဏာရှင်တို့လုပ်ထုံး လုပ်နည်းအတိုင်း) ပြည်သူလူထုအတွင်း နိုင်ငံရေးအသိ ကင်းမဲ့အောင် (သို့) စီးပွားရေးအခက်အခဲအကြပ်အတည်းကနေ ရုံးမထွက်နိုင်အောင် အိမ်တွင်းမိသားစု စားဝတ်နေရေးအတွက်ဖြေရှင်း ရုံးကန်မှုကလွဲပြီး အာဏာပိုင်တွေရင်ဆိုင်မှုအပေါ် မရှိရလေအောင် ဖန်တီးထားပါတယ်။ ပြည်သူလူထုအပေါ် ဘက်ပေါင်းစုံဖိနှိပ် အနိုင်ကျင့် အဓမ္မလုပ်အားခိုင်း၊ ပြည်သူ့ပစ္စည်းဥစ္စာ လုယက်၊ အိမ်၊ ခြံ၊ ယာမြေ၊ ဥယျာဉ်သိမ်းပိုက်။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ကဏ္ဍအသီးသီးမှာ စစ်တပ်လူတန်း စား၊ စစ်တပ်မိသားစုအသိုင်းအဝိုင်းနဲ့ ပြည်သူလူထုအလွှာပေါင်းစုံ လူတန်းစားအကြား ခွဲခြားသတ်မှတ် ခံစား စံစားစေခြင်းဖြင့် ခွဲတိုက် နေရပါတယ်။

နအဖက တိုင်းပြည်အုပ်ချုပ်ရာမှာ မတရားတဲ့အသွင်ကနေ တရားဝင်အသွင်ဆောင်နိုင်ရေးနဲ့ လက်ရှိအာဏာရှင်တို့ရဲ့ အကျိုးစီး ပွားမထိခိုက်စေဘဲ အာဏာဆုပ်ကိုင်ထားနိုင်ရေးအတွက် တရားဝင် ဖြစ်နိုင်အောင် စစ်တပ်ရဲ့အခန်းကဏ္ဍကို တရားဝင်အဓိက နေရာပေးဖို့ အမျိုးသားညီလာခံနည်းလမ်းနဲ့ အဓမ္မရယူနေတာဖြစ်တယ်။



Photo : Manager online

ညောင်နှစ်ပင်ညီလာခံမှာ မျက်စိမျက်နှာ မသာယာ

တကယ်တော့ညောင်နှစ်ပင်ညီလာခံမှာ အတည်ပြုနိုင်ဖို့ အတွက်အားလုံးကို နအဖ ကကြိုတင်ပြင်ဆင်ရေးဆွဲထားပြီးဖြစ် တယ်။ တိုင်းပြည်ဖြစ်စဉ်အခြေအနေအရ ပြည်ထောင်စုဆိုတာကိုတော့ ဆက်ပြီးအသုံးပြုမှာဖြစ်ပေမဲ့ ပြည်သူ့ကိုယ်စားလှယ်အစစ်အမှန် ပြည်ထောင်စုတည်ဆောက်ရေးသဘောထားနဲ့ နအဖတည်ဆောက် လိုတဲ့ သဘောထားဟာ ဆီနဲ့ရေလိုကွာခြားပါတယ်။ ဗမာ အ မျိုးသား ဒီမိုကရေစီအင်အားစုနဲ့ တောင်ပေါ်နယ်စပ်အမျိုးသား အင်အားစု တို့ရဲ့အားသာချက်၊ အားနည်းချက် တသမတ်တည်းမဟုတ်ဘဲပြောင်း လဲနေတာဟာ–

၁။ ဒေါ်စုကိုအပြည့်အဝမထိန်းနိုင်တာ

၂။ ငြိမ်းအဖွဲ့တွေကိုစိတ်ချလက်ချမထိန်းနိုင်သေးတာ

၃။ ပြည်သူလူထုကိုပိပြားနေအောင်မထိန်းနိုင်သေးတာ

၄။ လူ့အခွင့်အရေးကြောင့်နိုင်ငံတကာရဲ့ရှုပ်ချမှုတွေခံနေရတာ

၅။ နအဖစစ်တပ်အတွင်းအားပြိုင်မှု ပဋိပက္ခ ကြီးထွားနေတာ

၆။ တိုင်းပြည်ရဲ့ တကယ်လက်တွေ့စီးပွါးရေး၊ လူမှုရေး၊ တိုးတက် အောင်လုပ်နိုင်တဲ့အရည်အချင်းနဲ့ ကျွမ်းကျင်မှုမရှိတာ၊

၇။ နအဖထိပ်းသီးကြီးတွေ တကယ့်တိုင်းပြည်ချစ်စိတ်မရှိတာ၊ မရိုးသားတာ...စတဲ့အချက်တွေကြောင့်ပါ။

ဒီလိုပြည့်စုံမှုမရှိသေးရင် နအဖ အတွက် အောက်ပါအခက်အခဲတွေရှိနိုင်တယ်။

၁။ ညောင်နှစ်ပင်ညီလာခံပြီးတာနဲ့ ပြည်သူ့ဆန္ဒခံယူရာမှာ–

၂။ ရွေးကောက်ပွဲလုပ်ရာမှာ–

၃။ ရွေးကောက်ပွဲပြီးရင် အသက် ၆၀–၇၀ ကျော်ထိပ်သီးကြီးတွေ စစ်ဝတ်စုံချွတ်ရတဲ့အခါ အနာဂတ်လုံခြုံမှု အာမခံချက်ရှိရာမှာ–

၄။ တပ်တွင်းအာဏာလွန်ဆွဲပွဲတွေ ပေါက်ကွဲလာရာမှာ–

၅။ ငြိမ်း တပ်ဖွဲ့တွေ တန်ပြန်လှုပ်ရှားမှုကို မယုံကြည်ရာမှာ–

ဒါ့ကြောင့် NC ကို အချိန်ဆွဲနိုင်သလောက် ဆွဲထားတာဖြစ်တယ်။ စိတ်မချရတဲ့ ကဏ္ဍတွေ ဖြုတ်– ထုတ်–ချော့–မြှောက်–ခြောက်–နည်းပေါင်းစုံနဲ့သိမ်းသွင်းပြီး ဆန့်ကျင်ဘက်အင်အားစုကို ခွဲတိုက်ဖို့ အချိန်ယူနေရတယ်။

နအဖက ဒီလိုအကြပ်အတည်းပေါင်းစုံရင်ဆိုင်နေရချိန်မှာ တောင်တန်းသားတွေရဲ့ အမျိုးသားရေးအင်အားစုက အခွင့်ကောင်းမယူ၊အသုံးမပြုတတ်ဘဲရေစုန်မျောနေရင် နအဖ ကိုကျားကန်ပေးရာကျနေတယ်။ ငြိမ်းအဖွဲ့တွေ နအဖ အတွက် သူခိုးဓါးရိုးကမ်းလုပ်ပေးနေသလို အချို့ပြည်မ အင်အားစုတွေလဲပဲ အချင်းချင်း ခွက်စောင်း ခုတ်ကလော်တုတ်ကြနဲ့ နအဖ ကိုသွယ်ဝိုက်ကျားကန်ပေးနေသလို ဖြစ်နေတယ်။ (အချင်းချင်းတိုက်ကြတာဟာ နအဖ ကိုအကျိုးပြုတာပါဘဲ။)

အဲဒါကြောင့် တော်လှန်ရေးအင်အားစုတွေရဲ့ ရပ်တည်မှုအနေအထားရှေ့မတိုးသာဘဲ ရပ်တန့်နောက်ဆုတ်နေတာကို ဘယ်လိုဖယ်ရှားရမလဲဆိုတာ ကနေ့သေရေးရှင်ရေးကိစ္စဖြစ်ကြောင်း၊ လက်ရှိ "ရန်–ငါ"အနေအထားကိုသိထား၊ ကုစားရမဲ့ ကိုယ့်ဟာကွက်ကိုဖြည့်စွက် ရှောင်ကွင်းဖို့က အရေးကြီးဆုံးအချက်ဖြစ်ကြောင်း လှုံ့ဆော်တိုက်တွန်းသတိပေးလိုက်ရပါတယ်။

**စဝ်ဘုန်းလှိုင် (တောင်ကြီး)**
21.3.2007


Photo : SSA

ဗိုလ်မှူးကြီး တိုက်မိန်း

# SSA-S နှင့် WNA တို့အား နအဖ စစ်တပ်နှင့်ဟိုမိန်းပြည်သူ့စစ်တို့ ပူးပေါင်း ပစ်ခတ်

သျှမ်းပြည်တပ်တော်တောင်ပိုင်း နှင့် ဗိုလ်ကြီး တာ့ပလိတ် ဦးဆောင်သော ဝ အမျိုးသားတပ်မတော် ပူးပေါင်းစစ်အင်အား ၃၈ ယောက်ရှိတပ်ဖွဲ့တဖွဲ့သည် သံလွင်အရှေ့ဘက်ကမ်း ဟိုမိန်းဒေသမှ သံလွင်အနောက်ဘက်ကမ်း လင်းခေးမြို့ အရှေ့ဘက်ခြမ်းသို့ စစ်ရိက္ခာကောက်ရန်ထွက်ခဲ့စဉ် ၂၅၊ ၀၃၊ ၀၇ ရက်မနက် ၁၀း၂၀ နာရီအချိန် ဟိုမိန်းအနောက်မြောက် ခုန့်လုံချိုင့်ဝှမ်းအနီး၌ နောင်လိုင် တပ်စခန်းထိုင်ဟိုမိန်းအခြေစိုက် ခမရ ၅၁၄ နှင့် ဟိုမိန်းပြည်သူ့စစ်ပူးပေါင်းသည့် အင်အားအယောက် ၆၀ ခန့်က ကြိုတင်သတင်းရထားသဖြင့် ခြုံခိုတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ပြောပါသည်။

ပစ်ခတ်တိုက်ခိုက်ချိန် ၁၀ မိနစ်ခန့်ကြာမြင့်ပြီးနောက် SSA-S နှင့် WNA တို့စတင်တပ်ဆုတ်စဉ် နအဖ စစ်တပ်ဘက်မှ လက်နက်ကြီးများဖြင့်ဆက်ပစ်ခတ်သဖြင့် SSA-S နှင့် WNA တို့မှ တပ်သားတစ်ဦးစီကျဆုံးကြောင်း၊ AK-47 နှင့် M-16 လက်နက် တစ်လက်စီဆုံးရှုံးကြောင်း၊ တိုက်ပွဲတွင် နအဖစစ်တပ်ဘက်မှ တစ်ဦးကျဆုံးပြီး ဖြိုးဒဏ်ရာရကာ ဟိုမိန်းဆေးရုံတွင် ဆေးကုသနေရကြောင်း သိရပါသည်။

တိုက်ပွဲဖြစ်ပွားပြီးနောက် သျှမ်းပြည်တပ်တော် တောင်ပိုင်းတပ်ဖွဲ့နှင့် ဝ အမျိုးသားတပ်မတော်တပ်ဖွဲ့နောက်သို့ နအဖ စစ်တပ်က လိုက်လံထိုးစစ်ဆင်လျက်ရှိသဖြင့် တိုက်ပွဲထပ်မံဖြစ်ပွားနိုင်ကြောင်း နယ်စပ်သတင်းကဆိုပါသည်။ သျှမ်းပြည်တပ်မတော်မှ လှုပ်ရှားသွားလာလေ့ရှိသော တာဆွတ်တံတား သံလွင်ကူးတို့ဆိပ်ရှိသောရွာသည် နအဖ တပ်နှင့် အလွန်နီးသောကြောင့် ဤကဲ့သို့ တိုက်ပွဲဖြစ်ပွားရခြင်းဖြစ်ကြောင်းလည်း ဆိုပါသည်။

WNA ဝအမျိုးသားတပ်မတော်ကို မဟာဆန်းက ၁၉၇၄ ၌ ဦးဆောင်ဖွဲ့စည်းပြီး မယ်ပေါင်ဆောင်မြို့နှင့်မျက်နှာချင်းဆိုင် လွယ်တောင်မြောက်ခေါ် လွယ်ဝဟေ့တောင်ပေါ် ၌ အခြေချလှုပ်ရှားခဲ့ပါသည်။ မဟာဆန်းကို ထိုင်းအာဏာပိုင်တို့ဖမ်းဆီးခဲ့ပြီးနောက်ပိုင်း ဝအမျိုးသားတပ်မတော်အား ဗိုလ်မှူးကြီး တိုက်မိန်းက ဦးဆောင်ဦးရွက်ပြုခဲ့ပါသည်။ ဝအမျိုးသားတပ်မတော်နှင့် မဟာမိတ်ပြုပူးပေါင်းလှုပ်ရှားရန် SSA-S မှ ဒု–ဗိုလ်မှူးကြီးအောင်မြအား လွယ်ဝဟေ့ဒေသရှိ ဝအမျိုးသားတပ်မတော်နှင့်သွားရောက်တွဲဖက်ရန် ဗိုလ်မှူးကြီးယွက်ဆစ်က စေလွှတ်ခဲ့သည် ဟုဆိုပါသည်။

လွယ်ဝဟေ့တောင်ကြောတဝိုက် စခန်းချလှုပ်ရှားသော နအဖ စစ်တပ် ၄ တပ်ရင်းရှိရာ ၁။ ခလရ ၃၃၁ မယ့်အော် တပ်စခန်း ၂။ ခမရ ၅၂၄ ကောင်းမိုက်ဟုန်း၊ နားမွန်းစခန်း ၃။ ယခု SSA-S နှင့် WNA တို့အား ပစ်ခတ်တိုက်ခိုက်ခဲ့သည့် ခမရ ၅၁၄ နောင်လိုင်တပ်စခန်း နှင့် ၄။ မယ့်ကွန်းရွာ၌ စခန်းချသော ခမယ ၄၂၂ တို့ဖြစ်ပြီး ၁၂၀ mm လက်နက်ကြီး ၄ ခုရှိသည်ဟုဆိုပါသည်။

ယခုပစ်ခတ်တိုက်ခိုက်မှုဖြစ်ပွားပြီးနောက်ပိုင်း ထိုင်းခြေလျင်တပ်အမှတ် ၇ ကလည်း နယ်စပ်တစ်လျှောက် လုံခြုံရေးတပ်များ ပိုမိုချထားသည် ဟုသိရပါသည်။ ❏

# နယ်စပ်၌ နအဖ စစ်တပ်နှင့် SSA-S တိုက်ပွဲဖြစ်

၃၀၊ ၃၊ ၂၀၀၇ ည ၇ နာရီတွင် သျှမ်းပြည်တပ်မတော် တောင်ပိုင်း ဒုဗိုလ်မှူးကြီး ဂွကျ်းဇင့် ဦးဆောင်သော ကျိုင်းတုံစစ်ဒေသ ဌာနချုပ် လွယ်ကော်ဝမ်းတပ်စခန်းမှ ကင်းလှည့်တပ်ဖွဲ့တစ်ဖွဲ့ နယ်မြေကင်းလှည့်စဉ် ချင်းရိုင်းခရိုင်၊ မယ်ဖှလုံမြို့နယ်၊မယ်ဖှလုံကျေးရွာအုပ်စု ပါဆန်းနားငင်းရွာနှင့် မျက်နှာချင်းဆိုင် တာချီလိတ် အနောက်ဘက် ထိုင်းနယ်စပ်အနီးတောင်ကြော၌ နအဖ စစ်တပ်လက်နက်ကြီးတပ်အမှတ် ၂ နှင့် ပက်ပင်းတိုးမိပြီး ၁ နာရီခန့်အကြာ တိုက်ပွဲဖြစ်ပွားခဲ့သည်ဟု ဆိုပါသည်။

တိုက်ပွဲတွင် **SSA-S** မှ အကျအဆုံးမရှိကြောင်း၊ နအဖ စစ်တပ်ဘက် ထိခိုက်ကျဆုံးမှုအရေအတွက် လည်းမသိရကြောင်း၊ ၃၁၊ ၃၊ ၂၀၀၇ ရက်နေ့ကလည်း နအဖ စစ်တပ်လက်နက်ကြီးတပ်က လွယ်ကော်ဝမ်း အနီးရှိတောင်ကုန်း၌ ဖဘီးကား ၂ စီးစာ အထူးကွန်မန်ဒိုတပ်သား အယောက် ၆၀ ခန့်လာရောက်အခြေချကာ လက်နက်ကြီးစိုက်မည့်နေရာ လာရောက်ကြည့်ရှုခြင်းဖြစ်နိုင်ကြောင်း၊ စစ်ရိက္ခာများချထားခဲ့ပြီး ထိုနေ့တွင်ပစ်ခတ်တိုက်ခိုက်မှုမရှိကြောင်း ဒုဗိုလ်မှူးကြီး ဂွကျ်းဇင့် ကပြောပါသည်။

ယခုတိုက်ပွဲဖြစ်ပွားမှုကြောင့် နယ်စပ်တစ်လျှောက်ရှိ လွယ်ကော်မိန်း၊ လွယ်ကော်ဝမ်း တပ်စခန်းတို့မှလည်း စစ်အင်အားစုဆောင်းပြင်ဆင်ခြင်း၊ တပ်လှုန့်ထားခြင်းများ ပြုလုပ်နေကြောင်း နယ်စပ်သတင်းကဆိုပါသည်။



Photo : SHAN

ထိုသို့ နယ်စပ်တစ်လျှောက် ပစ်ခတ်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သော်လည်း တာချီလိတ်–မယ်ဆိုင်တံတားကိုမူ ပိတ်ထားခြင်းမရှိကြောင်း သိရပါသည်။ ❑

# နအဖ အမြောက်တပ် တပ်ရင်းမှူးနှင့်တပည့် SSA-S ထံ လက်နက်ချ

၃၀၊ ၃၊၂၀၀၇ နေ့တာချီလိတ်အခြေစိုက်နအဖအမြောက်တပ် တပ်ရင်းမှူး ဗိုလ်မှူးတင်ထွန်းအောင်သည် တပ်ခွဲ ၂ မှ နောက်လိုက်တပ်သား ၄ ဦးနှင့်အတူ ရှေ့တန်းတောင်ပေါ် စစ်မျက်နှာမှ တာချီလိတ်မြို့သို့ကားဖြင့်အပြန်လမ်းတွင် သျှမ်းပြည်တပ်မတော်တောင်ပိုင်း ကျိုင်းတုံစစ်မျက်နှာဌာနချုပ်မှ ကင်းလှည့်တပ်ဖွဲ့တစ်ဖွဲ့၏ ခြုံခိုဝန်းရံပိတ်ဆို့မှုခံရသဖြင့် ခုခံပစ်ခတ်မှုတစုံတရာမရှိပဲ ၉ **MM** ပစ္စတိုတစ်လက်နှင့် **G3/G4** ရိုင်ဖယ်တလက်စီ စုစုပေါင်း ၃ လက် **SSA-S** ထံ အညံ့ခံ အပ်နှံခဲ့သည် ဟုဆိုသည်။

ထိုကိစ္စနှင့်ပတ်သက်၍ သျှမ်းပြည်တပ်မတော်တောင်ပိုင်း ကျိုင်းတုံစစ်မျက်နှာဌာနချုပ်မှ ဒုဗိုလ်မှူးကြီး ဂွကျ်းဇင့် အားဆက်သွယ်မေးမြန်းရာငင်းက *“လက်နက်တွေဖြုတ်ယူလိုက်ပြီး လူကိုတော့လွှတ်ပေးလိုက်တယ်။ သူတို့ကလည်း အထက်ညွှန်ကြားချက်ကိုမလွန်ဆန်နိုင်လို့ တရားသော၊ မတရားသော ခိုင်းသမျှလုပ်နေရတယ်လေ။ သူတို့က ပစ်ခတ်မှုမရှိပဲ အသာတကြည်လက်နက်ချလို့ပါ။ တဘက်တလမ်းကလည်း စစ်သားအချင်းချင်းဆိုတော့ သူတို့ဘဝကို ကိုယ်ချင်းစာမိလို့ ကောင်းကောင်းမွန်မွန်ပြန်လွှတ်ပေးလိုက်တယ်”* ဟုရှင်းလင်းပြောဆိုသည်။ မည်သို့ပင်ဖြစ်စေ နအဖ စစ်တပ်မှ ထိုးစစ်ဆင်လာပါက ပြန်လည်ခုခံတိုက်ခိုက်ရန် အသင့်ဖြစ်ကြောင်းလည်း ငင်းကဆိုသည်။

နအဖ စစ်တပ်သတင်းရပ်ကွက်နှင့် နီးစပ်သည့်နယ်စပ်ဘက်မှ ဆို့စ်တခုကလည်း ကံကောင်းထောက်မပါက ဗိုလ်မှူးတင်ထွန်းအောင်နှင့်အဖွဲ့ စစ်တပ်မှထုတ်ခံရပြီး အရပ်ဘက်တာဝန်ပြောင်းထမ်းခိုင်းရန်ဖြစ်နိုင်ကြောင်း၊ သို့သော် ကြီးလေးသောပြစ်ဒဏ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း ပြောဆိုသည်။

အစဉ်လာအရ နအဖ စစ်တပ်အတွင်း အရာရှိတွေ အဝအပြဲစား၊ လက်အောက်ငယ်သားတွေမှာ ငတ်ပြတ်နေရုံမက၊ ဗမာလူမျိုးနှင့် အခြားတိုင်းရင်းသားလူမျိုးများအကြား မဟာဗမာလူမျိုးကြီးဝါဒ၏ သွေးခွဲဆက်ဆံမှုများအမြဲလိုရှိနေသောကြောင့် တပ်ပြေးများ တစ်နှစ်ထက် တစ်နှစ် ပိုမိုများပြားလာခဲ့၏။ **September** ၂၀၀၆ စစ်ရုံးချုပ် ဒုတိယ ၄ လပတ်အစည်းအဝေး၌ စစ်ရေးချုပ် ဗိုလ်ချုပ်သိန်းစိန် က ၄ လအတွင်း တပ်ပြေးများအပါအဝင် ပြုန်းတီးအင်အား ၉၀၀၀ ကျော်ရှိကြောင်းတင်ပြထားသည် ဟုဆိုကြောင်း။ ❑

# နမ့်တိန်းချောင်းကူးတံတားပေါ် ၁၀ ဘီးကုန်တင်ကားဖြတ်သန်းစဉ် ကျိုးကျ

၁၁၊၃၊၂၀၀၇ ရက်နေ့က တောင်ကြီးမှ ကျိုင်းတုံ သို့ထွက်လာသော ပိဿာချိန် ၂၀,၀၀၀ ခန့် ကုန်အပြည့်တင်ဆောင်သည့် ၁၀ ဘီးကားတစ်စီးသည် နမ့်စန်မြို့မှ ၃ မိုင်အလွန် နမ့်စန်နှင့် ခိုလမ် ကြားမီးသွေးကုန်းရွာအနီး နမ့်တိန်းချောင်း သံကြိုးတံတား ဖြတ်ကူးနေ စဉ် တံတားကျိုးကျကာ လူရောကားပါ ချောင်းထဲကျသွားသဖြင့် ယာဉ်မောင်းသူပွဲချင်းပြီးသေဆုံးသွားသည်ဟု ရှမ်းပြည်တောင်ပိုင်း သတင်းရပ်ကွက်ကဆိုပါသည်။ ကားကျသွားချိန် ကားစပါယ်ယာမှာ တံတားထိပ်၌တံတား စောင့်စစ်သားအား လက်ဖက်ရည်ဖိုး ၂၀၀ ကျပ် ၊ တံတားဖြတ်ကူးကြေး ၁၅၀၀ ကျပ် သွားဆောင်နေသဖြင့် အသက်ဘေးမှလွတ်သွားကြောင်း၊ ကျိုးပျက်သွားသောတံတား ပြန်လည်ပြုပြင်ရန် ကားပိုင်ရှင်မှတာဝန်ယူရမည် ဟုဆိုပါသည်။

ဤသို့ကုန်တန်ချိန်ပိုတင်ပြီး လမ်း၊ တံတား၊ ဂိတ် များ၌ ရှောရှောရှူရှူဖြတ်သန်းသွားနိုင်ရန် တာကော်သံလွင်တံတား ဂိတ်စောင့်သူထံ ကျပ်သိန်း ၁၀၀ လာဘ်ထိုးထားပြီးဖြစ်ကြောင်း ကားပိုင်ရှင်နှင့်နီးစပ်သည့်အသိုင်းအဝိုင်းကဆိုပါသည်။ အခင်းဖြစ်ပွားစဉ် မျက်မြင်သက်သေများက တံတားကျိုးကျချိန်တွင် တံတားထိပ်နှစ်ဘက်ခရီးသွားများမှာ အခက်အခဲတွေ့ရကြောင်း၊ ၁၁ ရက်နေ့ညနေကကျသွားသောကားကို ၁၂ ရက်နေ့ နံနက်မှတာဝန်ရှိသူများက လာရောက်ထုတ်ပေးကြောင်း၊ တံတားပျက်ခြင်းကြောင့် စားသောက်ကုန်စားရိတ် တက်လာနိုင်ဖွယ်ရှိကြောင်း ပြောပါသည်။

အဆိုပါ နမ့်တိန်းချောင်းကူးတံတားထိပ်၌ *“တံတားကျိုးအောင်၊ပျက်အောင်လုပ်သောသူမှတံတားပြုပြင်ကြေးတာဝန်ယူရမည်”* ဟူသော ဆိုင်းဘုတ်ကိုပါ ထောင်ထားသည်ကိုတွေ့ရသည် ဟု ခရီးသွားသူများက ပြောပါသည်။

တံတား၏ ခံနိုင်ရည် ပုံမှန်တန်ချိန်ထက် အဆမတန်ကုန်တန်ချိန်အပိုတင်ဆောင်ထားသဖြင့် ဤသို့ တံတားကျိုးကျရခြင်းဖြစ်သည် ဟု သုံးသပ်ကြပါသည်။

❑ ❑ ❑

# ကြက်ဆူစိုက်ခင်း မအောင်မြင်ဟုဆိုကာ ရွာသားများအားတိုင်းမှူးဒဏ်ငွေရိုက်

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီက ကျိုင်းတုံအခြေစိုက် တြိဂံဒေသတိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ကျိုင်းတုံမြို့နယ်အတွင်းကျေးရွာအုပ်စု ၁၀ အုပ်စုအလိုက်စိုက်ပျိုးထားခိုင်းသော ကြက်ဆူပင် စိုက်ခင်းအထိ လိုက်လံလှည့်လည်စစ်ဆေးရာ ကျိုင်းတုံမြို့တောင်ဘက် ၇ မိုင်အကွာ မိုင်းစိမ်း(မ်)ကျေးရွာအုပ်စု၏စိုက်ခင်းအချို့ မအောင်မြင်သည်ကိုတွေ့ရသဖြင့် ကျေးရွာအုပ်စု ဥက္ကဌအားကြိမ်းမောင်းကာဒဏ်ငွေ ကျပ် ၄၅၀,၀၀၀ ပေးဆောင်ခိုင်းသည်ဟုဆိုပါသည်။ ကျေးရွာဥက္ကဌလည်း မိုင်းစိမ်း(မ်) ကျေးရွာအုပ်စုတွင်းရှိ ရွာသားများထံလိုက်လံကောက်ခံကာ ဒဏ်ငွေပေးဆောင်လိုက်ရကြောင်း၊ ဤသို့ဒဏ်တပ်ရခြင်းသည် တခြားရွာမှ စံနမူနာယူနိုင်ရန်အတွက်ဟု တိုင်းမှူးမှပြောကြောင်း ရွာသားများက ပြောပါသည်။

ထို့အပြင် ကျိုင်းတုံမြို့တောင်ပေါ် မြေပြန့်ရှိ မြေလွတ်မြေရိုင်းနေရာအနှံ့ ကြက်ဆူပင်စိုက်ပျိုးသွားရန်နှင့် စိုက်ခင်းမအောင်မြင်ပါကထိုကဲ့သို့ ဒဏ်ငွေပေးဆောင်ရမည် ဟုလည်း ကျေးရွာအုပ်စုအားလုံးအား ညွှန်ကြားသွားကြောင်း ဆိုပါသည်။

နအဖအစိုးရသည်အစားထိုး လောင်စာဆီအတွက်ဟုဆိုကာ ၂၀၀၆ နှစ်ဆန်းပိုင်းမှစ၍ ကြက်ဆူပင် စိုက်ပျိုးရေးစီမံကိန်း အကျယ်တဝင့်ဆောင်ရွက်လျက်ရှိရာသျှမ်းပြည်နေရာအနှံ့၌လည်း ကြက်ဆူပင်မစိုက်မနေရ အမိန့်ထုတ်ခဲ့ပါသည်။ သျှမ်းပြည်တချို့ဒေသ၌ ကြက်ဆူပင်စိုက်ပျိုးရေး မကောင်းကြောင်းပြောသူများအားထောင်ဒဏ် အပြစ်ပေးမှုများရှိသလို ၊ မုဆိုးမ၊ တခုလပ်၊ အဖွားအိုမရွေး၊ ကလေး သူငယ်အားလုံး ကြက်ဆူပင်စီမံကိန်းတွင် ပါဝင်လုပ်အားပေးကြရန် ဒေသခံအာဏာပိုင်များ ဆင့်ဆိုသည့်အတိုင်း မလုပ်ဆောင်ပါက ဒဏ်ငွေ ပေးဆောင်ရခြင်း၊ သာမာန်ထက်ပို၍ စိုက်ပျိုးရခြင်းတို့ ရှိခဲ့ပါသည်။

❑ ❑ ❑



# သံလွင်ရေကာတာ နှင့်ပတ်သက်၍ WWF ၏ သတိပေးချက်

သံလွင်မြစ်ပေါ်မှာ ဆည်ဆောက်ဖို့ မြန်မာနဲ့ထိုင်း နှစ်နိုင်ငံကြားမှာ သဘောတူစာချုပ် လက်မှတ်ထိုးခဲ့ပြီး လုပ်ငန်းတွေစတင်အကောင်အထည်ဖော်နေပြီဖြစ်ပါတယ်။ ဒီစီမံကိန်းဟာ အဲဒီဒေသကဆင်းရဲပြီးအပစ်ပယ်ခံထားရတဲ့ ထောင်နဲ့ချီတဲ့လူထုအတွက် အိုးအိမ်စွန့်ခွါရတာတွေဖြစ်ပေါ်စေပြီး ဆိုးဝါးတဲ့အကျိုးဆက်တွေ သက်ရောက်စေလိမ့်မယ်လို့ World Wildlife (WWF)အဖွဲ့က သတိပေးလိုက်ပါတယ်။

"သံလွင်လို သဘာဝအတိုင်းလွတ်လွတ်လပ်လပ် စီးဆင်းနေတဲ့ မြစ်ကြီးတစင်းပေါ်မှာတည်ဆောက်တဲ့ ဘယ်လိုဆည်မျိုးမဆို အခြေခံအားဖြင့် ပုံသဏ္ဍာန်မျိုးစုံနဲ့ မြစ်ကိုထိခိုက်စေတာပါပဲ။ ပထမဆုံးနဲ့ တိုက်ရိုက်ထိခိုက်တာကတော့ ဆည်ဆောက်လုပ်ဖို့အတွက် အဲဒီဒေသကလူထုတွေ သူတို့အိုးအိမ်တွေကို စွန့်ခွါထွက်ပေးရတာပါပဲ။ တခြားထိခိုက်မှုတွေကတော့ ငါးမျိုးစုတွေကိုထိခိုက်စေတာပါပဲ။ ဒီငါးတွေဟာ မြစ်ထဲက ဇီဇမျိုးစေ့တွေအတွက်လည်း အရေးကြီးပါတယ်။ နောက်ဆုံးအချက်ဖြစ်ပြီး လူသိအနည်းဆုံးထိခိုက်မှုတွေကတော့ မြစ်ရဲ့နုံးမြေပို့ချမှုကို ထိခိုက်တဲ့အချက်ပါပဲ။ နုံးမြေတွေဟာ မြစ်ထဲမှာစီးဆင်းမျောပါသွားပြီး မြစ်ဝမှာ အနည်ပို့ချပါတယ်။ ဒီနုံးတွေဟာ မြစ်ဝမှာ မျှခြေထိန်းပေးပြီး ဥပမာ ဆူနာမီရေလှိုင်းလို သဘာဝဘေးအန္တရာယ်တွေကနေ မြစ်ကမ်းတလျှောက်ကို အကာအကွယ်ပေးပါတယ်။ မြစ်ကိုလုံးဝပိတ်လိုက်ပြီး ရေတွေကိုလှောင်လိုက်ပြီဆိုတာနဲ့ မြစ်ရဲ့ အခြေအနေကို လုံးလုံးလျားလျား ပြောင်းပစ်လိုက်တာပဲဆိုတာ တွေးကြည့်ရင်ကို နားလည်လို့ရပါတယ်" လို့ (WWF) ရဲ့ ဒုတိယ ညွှန်ကြားရေးမှူး Mr. Berk Kuiper ကပြောသွားပါတယ်။

**VOA-17/4/2007**

หนังสือพิมพ์คุณภาพ เพื่อคุณภาพของประเทศ
http://www.matichon.co.th
มติชน
วันอาทิตย์ที่ 18 มีนาคม พุทธศักราช 2550 ปีที่ 30 ฉบับที่ 10599 ราคา 10 บาท

**"อย่าลืมว่าจุดดับของรัฐบาลส่วนใหญ่
ของรัฐบาลในแต่ละยุคคือ
การทุจริตคอร์รัปชั่น
อย่าลืมว่าการทุจริตคอร์รัปชั่น
เป็นสิ่งที่ทำให้ม็อบเกิดความเกลียดชัง
และขับไล่รัฐบาลมาเกือบทุกยุคทุกสมัย
ดังนั้น จากปัจจัยที่เกิดขึ้น ณ เวลานี้
ล้วนมีโอกาสเกื้อหนุนให้เหตุการณ์
บ้านเมืองเป็นไปในทางร้าย"**

วิเคราะห์

## ဇာတ်သိမ်းခန်း မီးပွိုး

"ခေတ်အဆက်ဆက်မှာ အစိုးရတွေရဲ့ မိုးမှောင်ကျ ဇာတ်သိမ်းခဏ်းဟာ စာရိတ္တပျက်ပြားမှု၊ ခြစားမှုဖြစ်တယ်ဆိုတာ မမေ့ကြပါနဲ့။ အဲဒီ စာရိတ္တပျက်ပြား ခြစားမှုကနေ ပြည်သူလူထုအဖို့ နာကျည်းမုန်းတီးမှု ဖြစ်ပေါ်စေပြီးတော့ ခေတ်အဆက်ဆက်အစိုးရတိုင်း နီးပါး မောင်းထုတ်ဖယ်ရှားခံရတာချည်း ဆိုတာလဲ မမေ့ကြပါနဲ့။ အဲဒါကြောင့် မျက်မှောက်ကာလမှာ ဖြစ်ပွါးတဲ့ အရင်းခံအကြောင်း အချက်တွေ အားလုံးဟာ တိုင်းပြည်အခြေအနေ အဆိုးဖက်ဦးတည်ဖို့ တွန်းပို့စေတဲ့ အခွင့်အလမ်းဖြစ်လာနိုင်ပါတယ်။"

## နအဖ အခြေခံဥပဒေ နဲ့ယှဉ်ကြည့်

"၂၀၀၇ အခြေခံဥပဒေ မူကြမ်းရေးဆွဲရေး အစီအစဉ် ဖွဲ့စည်းမှု အနှစ်သာရဟာ ၁၉၉၇ အခြေခံဥပဒေရဲ့ ဦးတည်ချက် လမ်းညွှန်မှုတွေကိုပဲ အခြေခံထားပြီး အခဏ်း ၁၅ ခဏ်းပါဝင်တယ်။

၁။ အချီးနိဒါန်း၊
၂။ နိုင်ငံ့ဉသျှောင် ဘုရင်မင်းမြတ်၊
၃။ တိုင်းပြည်သူလူထု၏ လွတ်လပ်မှု အခွင့်အရေးများ၊
၄။ ထိုင်းပြည်သူများ၏ တာဝန်ဝတ္တရား၊
၅။ နိုင်ငံတော်၏ မူဝါဒလမ်းစဉ် ပေါ်လစီများ၊
၆။ ပါလီမန်လွှတ်တော်၊
၇။ ပြည်သူလူထု၏ နိုင်ငံရေးဆိုင်ရာ တိုက်ရိုက်ပါဝင်ခွင့်၊
၈။ ဘဏ္ဍာရေးနှင့် ဘတ်ဂျက်အသုံးစားရိတ်၊
၉။ အစိုးရ အဖွဲ့၊
၁၀။ တရားရုံး၊
၁၁။ အခြေခံဥပဒေအရ ခွင့်ပြုသည့် အဖွဲ့အစည်းများ၊
၁၂။ နိုင်ငံတော်အာဏာ အသုံးပြုသူများအပေါ် စောင့်ကြည့်စစ်ဆေးမှု၊
၁၃။ နိုင်ငံရေးသမားများ နှင့် နိုင်ငံဝန်ထမ်းများ၏ စရိယဓမ္မ ကိုယ်ကျင့်တရား၊
၁၄။ ဒေသဆိုင်ရာ စီမံအုပ်ချုပ်ရေး၊
၁၅။ အခြေခံဥပဒေ ပြင်ဆင်ရေး– စတာတွေဖြစ်တယ်"

**18.3.07 မတိချွန်းသတင်းစာ စာ–၃ ၏ဝေဖန်ရေး(ဝိခရော့) ဆောင်းပါး pull quote မှ**

# ပြည်ချစ်နိုင်ငံရေးသမား၊ ရိုးသားဖြောင့်မတ်၊ ရပ်တည်မှုမှန်ကန်

ယုံကြည်မှုကို အခြေခံ၊ တိုင်းပြည်နှင့်မျိုးချစ်စိတ်ကို အရင်းပြု၊ ဒုက္ခနှင့်စွန့်လွှတ်ခြင်းကို ရင်ဆိုင်ဝံ့သော၊ နိုင်ငံရေးစိတ်ဓါတ် အပြည့်အဝရှိ၊ အရည်အချင်းရှိ နိုင်ငံရေးသမားစစ်စစ်(အင်္ဂလိပ်လို Endangered Species )များကား ပျောက်ကွယ် ပျက်စီးလုနီးဖြစ်နေသည်။

နိုင်ငံရေးသမားစစ်စစ်တစ်ယောက်ဖြစ်ရန် အောက်ပါအချက်များရှိ လျှင်ရှိ၊ မရှိလျှင် သိရပါမည်။

၁။ ယုံကြည်ချက် - Conviction
၂။ ရိုးသားချက် - Honesty
၃။ အရည်အသွေး - Capacity
၄။ ဦးတည်ချက် - Goal
၅။ ဖေါ်ဆောင်ချက် - Plan & Implementations

နိုင်ငံရေးသမားတစ်ဦးအတွက် မရှိမဖြစ်သည့်နိုင်ငံရေးအသက်မှာ **“စည်းရုံးမှုနှင့် ထောက်ခံမှု”** ဖြစ်ပါသည်။

နိုင်ငံရေးသမားဆိုသူသည် တိုင်းပြည်/လူမျိုးနှင့် တနည်းမဟုတ်တနည်း ဆက်စပ်လျက်ရှိသဖြင့် တိုင်းပြည်လွတ်မြောက်ရေးသော်လည်းကောင်း၊ အမျိုးသားလွတ်မြောက်ရေးသော်လည်းကောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် အခြေခံသည့်ယုံကြည်မှုရှိရပါမည်။

စနစ်တစ်ခုကိုယုံကြည်ရန်မှာ ၄င်းစနစ်ကို အသေအချာလေ့လာ၍ တကယ်နားလည်ပါမှ ယုံကြည်မှုခိုင်မြဲပြင်းထန်ပါမည်။ အများကမိုးခါးရေသောက်၍ မိမိကလည်း လိုက်သောက်ခဲ့ပါလျှင် ယုံကြည်မှုခိုင်မြဲမည်မဟုတ်။

ဖိနှိပ်မှုနှင့်ရင်ဆိုင်ရမှ ယုံကြည်မှု၏တန်ဖိုးကိုနားလည်နိုင်ပါမည်။ နိုင်ငံရေးနှင့် ထောင်ကျဖူးလျှင်၄င်း၊ ဗမာ့စစ်ထောက်လှမ်းရေးနှင့်တွေ့ကြုံဖူးလျှင်၄င်း၊ နိုင်ငံရေးယုံကြည်မှုသည် မည်မျှအရေးကြီးကြောင်း သိခွင့်ရကြပါသည်။

နိုင်ငံများစွာတွင်နိုင်ငံရေးသမားများအပေါ် လူထု၏ယုံကြည်ချက်များ လျော့နည်းလျက်ရှိသော်လည်း ရိုးသားမှု Honestyသည် နိုင်ငံရေးသမားတစ်ဦးအတွက် လွန်စွာအရေးကြီးလှပါသည်။

George Washington / Nelson Mandela ဗိုလ်ချုပ် အောင်ဆန်း၊ မဟတ္တမဂန္ဒီ တို့သည် ရိုးသားမှုရှိခြင်းကြောင့် ရာဇဝင်တွင်ခဲ့သည့် နိုင်ငံရေးသမား သူရဲကောင်းများ ဖြစ်ခဲ့ကြပါသည်။

**သိနိုင်စွမ်းအား** - Capacity သည် နိုင်ငံရေးတွင်အရေးပါသည်မို့ အချိန်ယူဆွေးနွေးပါရစေ။

သိနိုင်စွမ်းအားသည် လူတစ်ယောက်၏ မူပိုင်အရည်အသွေး၊ ကြိုးစားမှု၊ လေ့လာမှု၊ ပညာအရည်အချင်း၊ ဘဝအတွေ့အကြုံများအပေါ် မူတည်ပါသည်။

ဝ ရှိမှ ဝိလုပ်နိုင်သလို အခြေခံရှိမှ တဆင့်တက်နိုင်ပါမည်။ အခြေခံရှိမှ အခြေအနေတရပ်ကို မျှမျှ တတ လက်တွေ့ကျကျ သုံးသပ်နိုင်စွမ်းရှိပါမည်။

မှန်ဘီလူး၊ မှန်ပြောင်းသည် အသိကိုမြင့်တင်ပေးသကဲ့သို့ အသိပညာ၊ လက်တွေ့ဘဝအတွေ့အကြုံတို့ကို အခြေခံသည့် သိနိုင်စွမ်းအား - Capacity သည် နိုင်ငံရေးသမားတစ်ယောက်၏ အသိ၊ အမြင်၊ အတွေးအခေါ် ကို ကွာခြားစေပါသည်။

လမ်းပေါ် Street Level တွင်ရှိနေသူ၏ အသိအမြင်သည် ၁၀ ထပ်တိုက်ပေါ် ရှိနေသူနှင့် ကွာခြားနိုင်သလို ပေသုံးသောင်းမှ လူတစ်ယောက်၏ အမြင်နှင့်လည်း တူနိုင်မည်မဟုတ်ပါ။

နိုင်ငံရေးသမားကောင်းတစ်ယောက်ဖြစ်ရန် ရိုးသားမှု - Honesty ကိုအခြေခံရမည်ဖြစ်သော်လည်း ရိုးအ၊ အမြင်ကျဉ်း အတွေးခေါင်၍မရပါ။ ပကတိအနေအထားကို မှန်ကန်စွာ သုံးသပ်တတ်ရုံမက သေနင်္ဂဗျူဟာ၊ ပရိယာယ်မာယာ ကြွယ်ဝနိုင်ရပါမည်။ မြွေမြွေချင်း ခြေမြင်ရပါမည်။ တဘက်က ပုံးပြလျှင် အူဘယ်နှစ်ခွေရှိကြောင်း ပြေးမြင်ရပါမည်။

နှစ်ဘက်သူ့အကွက်နှင့်သူ နိုင်ငံရေးကစားခြင်းသာဖြစ်ပါသည်။ နိုင်ငံရေးတွင်မိမိရှေ့ရောက်လာသည့် အခွင့်အရေးကို အောင်အောင်မြင်မြင် အသုံးချတတ်ရပါမည်။ နိုင်ငံရေးတွင် ညှို့လျှင်ခံရမည်မှာမလွဲပါ။

ဤသို့အခြေအနေတွင် နိုင်ငံရေး၏အရည်အချင်း သိနိုင်စွမ်းအား - Capacity သည် မည်မျှအရေးကြီးကြောင်း သိနိုင်ရပါမည်။ ရိုးအ၊ သည်ဆိုသည့် ဂုဏ်တစ်ခုတည်းနှင့်အသက်မရှင်နိုင်ပါ။ နိုင်ငံရေးကျားကွက်ကို ပိုင်ပိုင်နိုင်နိုင်ရွှေ့တတ်ရပါမည်။ အထူးသဖြင့် အာဏာအကြောင်း ကောင်းကောင်းနားလည်သည့် နအဖ စစ်ဗိုလ်များနှင့်ယှဉ်လိုလျှင်ပါးပါးလေးလျှင်ရပါမည်။ ဗိုလ်ချုပ်သန်းရွှေ သည် တစ်ချို့ထင်သလို **အရူး** မဟုတ်ပါ။ အာဏာအကြောင်း ကောင်းကောင်းသိရုံမက အာဏာကို ကောင်းကောင်းသုံးတတ်သည့် **အရူးပါး** ဖြစ်ပါသည်။ ဗိုလ်ချုပ်နေဝင်းကဲ့သို့ ဂျင်ပေါ် ကထုံးလိုလူမျိုးကို အယုံသွင်းနိုင်ရုံမက အချိန်စောင့်၍ ကျုံးသွင်းနိုင်သူတစ်ဦးကိုအထင်သေး၍မရပါ။ နအဖ စစ်တပ်တွင် ဗိုလ်ချုပ်အဆင့်ရောက်ရန်မလွယ်လှပါ။ အဆင့်ဆင့်အပြိုင်အဆိုင်တိုက် ခိုက်အနိုင်လုနိုင်မှ၊ ဆရာရွေးတတ်မှ၊ အချိန်အခါနှင့် အခြေအနေကိုစောင့်တတ်မှ စစ်အာဏာရှင်စနစ်အောက်တွင် ရှင်သန်နိုင်ပါမည်။ ယခုခေတ် နအဖ ဗိုလ်ချုပ်များသည် တော်လှန်ရေး ကောင်စီခေတ်က ၃ ယောက်ပေါင်းမှ ၁၀ တန်းမကျော်နိုင်သည့် စစ်ဗိုလ်များ မဟုတ်တော့ပါ။

ဗိုလ်ချုပ်အဆင့်ရောက်လျှင် ၁၂ **ကြိုး** အဆင့်ရောက်နေပေပြီ။



ဂျော့ဝါရှင်တန်



နဲလ်ဆင်မန်ဒဲလား



ဗိုလ်ချုပ်အောင်ဆန်း



မဟတ္တမဂန္ဒီ

All photo : Website

ကျနော်တို့ ဒီမိုကရေစီဘက်တော်သားများကို ပြန်လှည့်ကြည့်ပါ။ နိုင်ငံ့အရေး၊ နိုင်ငံရေးထက် ပုဂ္ဂိုလ်ရေးတို့ကို ဦးစားပေးလျက်ရှိကြပါသည်။ **လူ** နှင့် **မူ** ကို မခွဲတတ်ကြပါ။ **မူ** အကြောင်း နားမလည်လျှင် **လူ** ကိုချရန်ဝန်မလေးတတ်ကြပါ။ **လူ** ကိုချလျှင်လည်း စည်းမထားဘဲ အောက်လမ်းနည်းများအသုံးချရန်ဝန်မလေးတတ်ကြပါ။ နိုင်ငံရေးတွင် စည်းရုံးရေးသည်အဓိက၊ အများစုထောက် ခံပါဝင်မှုသည် အဓိကဆိုသည်ကိုနားမလည်ကြပါ။ လူအများပါဝင်နိုင်မှ အဖွဲ့အစည်းကျစ်လစ်မှအောင်မြင်နိုင်မည်ကို နားမလည်နိုင်ကြပါ။ လူတော် လူကောင်းဆိုသည့် အဓိပ္ပါယ်ကိုနားမလည်နိုင်ကြပါ။ လူတော်သော်၄င်း၊ လူကောင်းသော်၄င်း ၊ ပါဝင်လာလျှင် လက်ဦးအောင် တိုက်ခိုက်ဖို့ သာနားလည်ကြပါသည်။ မိမိ၏အသိစွမ်းရည် Capacity မြှင့်ရန် လေ့လာကြိုးစား စာဖတ်ရမည်ကို သတိမရှိကြပါ။

နိုင်ငံရေးထက် ပုဂ္ဂိုလ်ရေးကိုအလေးထားသူများ၊ ရာထူးသာမက်၍ တာဝန်ကိုနားမလည်နိုင်သူများ၊ အရည်အသွေးစွမ်းရည် Capacity မရှိကြသူများ၊ လူကြီးနေရာဝင်ယူထားကြပြီး၊ ဘာလုပ်ရမှန်းမသိ၍ အဖွဲ့အစည်းများဦးတည်ချက်ကင်းမဲ့ကာ ဘာကို အကောင်အထည်ဖော်ရမှန်းမသိကြ၍ ဝိုင်းကြီးပတ်ပတ‌ဒူဝေဝေ နိုင်ငံရေးနှင့် လုံးခြာလည်နေခဲ့ကြသည်မှာ ကြာခဲ့ပါပြီ။

နိုင်ငံရေးသမားတစ်ယောက်တွင် ယုံကြည်ချက်ရှိရပါမည်။ ဆန္ဒမှန်ကန်ရပါမည်။ အများအကျိုးအတွက် ကိုယ့်အရေးကို လျစ်လျူရှုတတ်ရပါမည်။ အများနှင့်ဆက်ဆံနိုင်ရုံမက အဖွဲ့အစည်းအကျိုးရည်မှန်းချက်အကျိုးရှေ့ရှု၍အများနှင့် အပေးအယူလုပ်တတ်ရပါမည်။ အသိစွမ်းအင် Capacity မြှင့်ရန် လေ့လာအား စာဖတ်အားကောင်းရပါမည်။ ကိုယ်ချင်းစာစိတ်ထပ်ပွားများနိုင်ရပါမည်။ နိုင်ငံရေးအကွက်မြင်နိုင်စွမ်းရှိရပါမည်။ နိုင်ငံရေးသမားတိုင်း ခေါင်းဆောင်မဖြစ်ပါ။ ခေါင်းဆောင်တိုင်းလည်း နိုင်ငံရေးသမားမဟုတ်ပါ။ ပညာရှိတို့ ဤသို့ဆိုခဲ့ပါသည်။ ခေါင်းဆောင်ဖြစ်လိုလျှင် မိမိတွင် အရည်အချင်းရှိရမည်။ သို့မဟုတ် ဘယ်သူက အရည်အချင်းရှိသည်ကို သိနိုင်စွမ်းရှိရမည်။

**ဝန်ခံချက်** ။ ။

ဤဆောင်းပါးသည် မဇ္ဈိမစာစောင်မှစက်တင်ဘာလ ၂၀၀၆ အတွဲ (၄) အမှတ် (၉) နှင့် အောက်တိုဘာလ ၂၀၀၆ အတွဲ (၄) အမှတ် (၁၀) မှ **ဘိုဘိုကျော်ငြိမ်း** ၏ဆောင်းပါးဖြစ်ပါသည်။

ရှမ်းပြည်မှ လက်နက်ကိုင်တပ်ဖွဲ့များနဲ့နိုင်ငံရေးလုပ်ဆောင်သူများအတွက်တစုံတရာအကျိုးဖြစ်နိုင်ပြီးရှမ်းပြည်သူလူထုတစ်ရပ်လုံးအတွက်လည်းအကျိုးပြုနိုင်မည်ဟုထင်မြင်ယူဆပါသဖြင့်စေတနာထားဆင့်ပွားလိုက်ရပါသည်။

**စဝ်နော်လိတ် (မိုင်းနောင်)**

# သံလွင်ရေကာတာ စီမံကိန်းအား နိုင်ငံပေါင်းအများကန့်ကွက်ဆန္ဒပြ

မြန်မာနိုင်ငံက လျှပ်စစ်ဓါတ်အားကိုဈေးပေါပေါနဲ့ဝယ်ယူနိုင်ဖို့ သံလွင်မြစ်ကြီးပိတ်ပြီး ရေကာတာတွေတည်ဆောက်မယ့် ထိုင်း–ဗမာ ပူးတွဲစီမံကိန်းကန့်ကွက်ဆန္ဒပြပွဲကို ၁၄ နိုင်ငံကကျင်းပခဲ့ပါတယ်။ ရေကာတာတည်ဆောက်မှုစီမံကိန်းရပ်တန့်ဖို့ မြန်မာနိုင်ငံသား ကရင်နီ နဲ့ ရှမ်းတိုင်းရင်းသားတွေကလဲ ထိုင်းအစိုးရကို တိုက်တွန်းခဲ့ပါတယ်။ ဒီရေကာတာစီမံကိန်းကြောင့် လောလောဆယ် ရွှေ့ပြောင်းခံလိုက်ရသူတွေအပြင် နောက်ထပ်ရွှေ့ပြောင်းရဖို့လူ ၁၀,၀၀၀ ခန့်ရှိသေးတယ်လို့ ကရင်နီနဲ့ရှမ်းဒုက္ခသည်တွေပြောပါတယ်။ မြန်မာစစ်အစိုးရဆောက်လုပ်မယ့် ရေကာတာတွေကြောင့် လူသောင်းနဲ့ချီ နေရပ်ကစွန့်ခွာရဖို့ရှိတယ်လို့ ထိုင်းအမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံးက ကရင်နီအမျိုးသမီး မပေရယ်မိုးက ပြောဆိုရာမှာ ထိုင်းအစိုးရကိုပါထည့်သွင်းသတိပေးလိုက်ပါတယ်။ ဒီစီမံကိန်းကြောင့် ကရင်ပြည်နယ်က လူသုံးသောင်းခွဲခန့်အပြင် ထိုင်းနိုင်ငံထဲရောက်နေတဲ့ ရှမ်းနဲ့ကရင်နီလူမျိုးတွေရဲ့ဘဝတွေကိုထိခိုက်စေနိုင်တယ်လို့ သူမ ဆက်ပြောပါတယ်။



နန်းချမ်တောင်း နှင့် ဆရာမ မေရီ

ထိုင်းနဲ့ ဗမာတို့ပူးပေါင်းပြီး သံလွင်မြစ်ပေါ်က ရေကာတာ ၄ ခု တည်ဆောက်ဖို့ ၂၀၀၄ ခုနှစ်က သဘောတူခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ဒီစီမံချက်ကိုရွှေ့ဆိုင်းနိုင်ဖွယ်ရှိတယ်လို့ ထိုင်းစွမ်းအင်ဝန်ကြီးက ၂၀၀၆ ခုနှစ် အောက်တိုဘာလမှာပြောပါတယ်။ ရေကာတာ တည်ဆောက်ရေးစီမံကိန်း ဆက်လက်ဆောင်ရွက်သွားမယ်လို့ အီးဂက် (EGAT) ခေါ် ထိုင်းလျှပ်စစ်စွမ်းအင်အဖွဲ့က ဖေဖေါ်ဝါရီလ ၂၄ရက်နေ့ ပြောကြားသွားပါတယ်။ ဒီစီမံကိန်းကြောင့် ကရင်နီ ၁၀၀,၀၀၀ ခန့် နေရပ်က စွန့်ခွာခဲ့ရပြီး နောက်ထပ် ၂၂,၀၀၀ ကျော် ထိုင်းနိုင်ငံထဲကို ၁၉၉၀ ပြည့်လွန်နှစ်လယ်ပိုင်းကစပြီး ထွက်ပြေးခဲ့ပါတယ်။ ဒီစီမံကိန်းကြောင့် သံလွင်မြစ်ဝှမ်းမှာမှီတင်းနေထိုင်ကြတဲ့ ကရင်နီပြည်က လူသုံးပုံတစ်ပုံဖြစ်တဲ့ နောက်ထပ် ၁၀၀,၀၀၀ ကျော်ရဲ့ဘဝကို ထိခိုက်စေမှာဖြစ်ပြီး ထိုင်းနိုင်ငံမှာ ဒုက္ခသည်တွေ ထပ်တိုးနိုင်စေတယ်လို့ သူကဆက်ပြောပါတယ်။ ဒီစီမံကိန်း စတင်ကတည်းက စပြီး ရှမ်းနဲ့ ကရင်ပြည်က ရွာသား ၄၀၀,၀၀၀ ကျော် နေရပ်ကရွှေ့ကြရတယ်လို့ ရှမ်းအမျိုးသမီးဒုက္ခသည် နန်းချမ်တောင်း ကပြောပါတယ်။ တောတွေထဲမှာ ပုန်းအောင်းနေတဲ့ရှမ်းတွေအများကြီးရှိပြီးတော့ ထိုင်းထဲပြေးလာဖို့ ပိုများတယ်လို့ဆိုပါတယ်။ ထိုင်းမှာ ရှမ်းတွေအတွက် ဒုက္ခသည် စခန်း မရှိလို့ သူတို့အတွက်ခိုလှုံစရာ ရှာမတွေ့ဖြစ်ခဲ့ရပါတယ်။ ထိုင်းနိုင်ငံ တဝှမ်းနဲ့ အိန္ဒိယနိုင်ငံတွေမှာလဲ သံလွင်မြစ်ရေကာတာ စီမံကိန်း ကန့်ကွက်တဲ့ ဆန္ဒပြပွဲတွေပြုလုပ်ခဲ့ပါတယ်။

သံလွင်ရေကာတာ ဆန့်ကျင်တဲ့လှုပ်ရှားမှုကို ကမ္ဘာတဝှမ်းမှာ လုပ်နေတော့ ထိုင်းနိုင်ငံမှာလည်း ဘန်ကောက်၊ မဲဆောက်တို့မှာ ကျင်းပခဲ့ပါတယ်။ ထိုင်းနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ရုံးမှာ သံလွင်မြစ်စောင့်ရှောက်ရေးအဖွဲ့ကနေ သတင်းစာရှင်းလင်းပွဲ တစ်ရပ်ကျင်းပခဲ့ရာမှာ ထိုင်းနိုင်ငံလူ့အခွင့်အရေးအဖွဲ့အပါအဝင် လူ ၂၀၀ ကျော်တက်ရောက်ခဲ့ပါတယ်။ သတင်းစာရှင်းလင်းပွဲမှာ သံလွင်မြစ်စောင့်ရှောက်ရေးအဖွဲ့က စိုင်းစိုင်းကို မေးမြန်းရာမှာ–

*"သံလွင်မြစ်ရေကာတာတည်ဆောက်မှု ရပ်တန့်ဖို့ တောင်းဆိုတဲ့ အဓိကရည်ရွယ်ချက်ကတော့ သဘာဝပတ်ဝန်းကျင် အကြီးအကျယ်ပျက်စီးမှုနဲ့ ဌာနေတိုင်းရင်းသားတွေရဲ့ လူမှုဘဝပျက်သုဉ်းမှု ဘေးဆိုးအန္တရာယ်နဲ့ကြုံရမှာဖြစ်လို့ပါ။ အခုလောလောဆယ် ရေကာတာတည်ဆောက်နေတဲ့နေရာက ရှမ်းပြည်နဲ့ ကရင်၊ ကရင်နီ ပြည်နယ်ထဲမှာဖြစ်တယ်။ ရေကာတာတည်ဆောက်တဲ့ ဒေသမှာ စစ်ရေးပဋိပက္ခတွေဖြစ်နေတဲ့အတွက် ဒေသခံလူထုအဖို့ ဘာသတင်းအချက်အလက်မှရနိုင်မှာမဟုတ်ဘူး။ ဒေသခံပြည်သူလူထုတွေ ကိုယ့်ဒေသထဲကနေ မောင်းထုတ်ခံရတယ်။ အကယ်၍ ရေကာတာ ၅ ခု ဖြစ်လာမယ်ဆိုရင် တကယ့်ဖွံ့ဖြိုးတိုးတက်မှုရှိနိုင်မလား၊ ကျနော်တို့ ပြန်ဆန်းစစ်ကြည့်ရမယ်။ ရေကာတာကရမဲ့လျှပ်စစ်က ထိုင်းကိုဘဲပြန်ရောင်းပေးဖို့ စီမံကိန်းဖြစ်လို့ဒေသခံပြည် သူလူထုက ဘာအကျိုးခံစားခွင့်ရှိမှာမဟုတ်ဘူး။ အခုလောလောဆယ် ဒေသခံပြည်သူလူထုက ဒုက္ခခံနေရတယ်။"*

ဒီအဖွဲ့ကနေ သက်ဆိုင်ရာဝန်ကြီးဌာနကို လက်မှတ်ထိုးထားတဲ့စာတွေပို့ဖို့ ဝန်ကြီးချုပ်ထတ်ဆင်ရှင်နာဝပ် လက်ထက်ကတည်းက ဖြစ်ပါတယ်။ ဒါပေမဲ့ ထိုင်းနိုင်ငံမှာအာဏာသိမ်းမှုတွေဖြစ်လို့ စာတွေ ခဏနားထားရတယ်။ ကြားဖြတ်အစိုးရလက်ထက်မှာ သူတို့ပို့ပြီး



သျှမ်းပြည်တောင်ပိုင်း သံလွင်မြစ်တနေရာ

Photo : SHAN

တွန်းတွန်းတိုက်တိုက်လုပ်မယ်လို့ကြားရပါတယ်။ ဒေသအတွင်းက လူတွေ NGO အဖွဲ့တွေကနေ လက်မှတ်ထိုးထားတဲ့စာတွေကို လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနနဲ့၊ ဝန်ကြီးဌာနပေါင်းစုံတွေ ဝန်ကြီးချုပ်အဆင့်အထိ မေတ္တာရပ်ခံစာတစ်စောင် တင်သွင်းမယ်လို့ကြားသိရပါတယ်။

၂၈၊၂၊၀၇ ကထိုင်းနိုင်ငံ မဲဆောက်မြို့မှာ ကရင်မြစ်ကြောင်းစောင့်ကြည့်ရေးအဖွဲ့ (Karen River Watch) ကနေ ကမကထ ပြုကျင်းပတဲ့ သံလွင်မြစ်ရေကာတာတည်ဆောက်မှုကန့်ကွက်ရေးနဲ့ ပတ်သက်ပြီး တစ်ကမ္ဘာလုံးက ဆန့်ကျင်ကန့်ကွက်ကြဖို့ တောင်းဆိုတဲ့ အခမ်းအနားတစ်ရပ်လဲ ကျင်းပခဲ့ပါတယ်။ အခမ်းအနားမှာ သံလွင်မြစ်တစ်လျှောက် ရေကာတာတည်ဆောက်မှုအပေါ် စိတ်ဝင်စားတဲ့လူတွေ၊ ဖိတ်ကြားထားတဲ့စာနယ်ဇင်းသမားတွေ ၇၀ ကျော် တက်ရောက်ခဲ့ပါတယ်။

ကရင်မြစ်ကြောင်းစောင့်ကြည့်ရေးအဖွဲ့ (Karen River Watch)က တာဝန်ရှိသူအချို့ပြောတာကတော့ သဘာဝပတ်ဝန်းကျင်ပျက်စီးမယ်၊ သံလွင်မြစ်ထဲက ငါးတွေ၊ မြစ်ဝှမ်းနဲ့မြစ်လက်တက် တစ်လျှောက်မှီတင်းနေထိုင်တဲ့ လူတွေအပေါ် ဆိုးကျိုးတိုက်ရိုက်သက်ရောက်မယ်လို့ သူတို့ပြောပါတယ်။ ကရင် မြစ်ကြောင်းစောင့်ကြည့်ရေးအဖွဲ့ (Karen River Watch) လက်ထောက်တာဝန်ခံ တစ်ဦးဖြစ်သူ စောကရင် က “*ထိုင်းအစိုးရနဲ့ နအဖစစ်အစိုးရတို့ပူးပေါင်းပြီး ရေကာတာ တည်ဆောက်မယ့်စီမံကိန်းပြန်လည်ရုပ်သိမ်းပေးဖို့ ကျနော်တို့ အဓိကလှုပ်ရှားရခြင်းဖြစ်ပါတယ်။ သုတေသနပြုချက်အရ ဒေသခံပြည်သူလူထုတွေအတွက် ပိုပြီးတော့အနှောက်အယှက်ဖြစ်တယ်လို့ယုံကြည်တယ်။ အထူးသဖြင့် ပေါ်တာလိုက်ရတာတို့၊ အဓမ္မလုပ်အားသွားရတာတို့၊ လူ့အခွင့်အရေးချိုးဖောက်ခံရတာတို့၊ နေရာအတင်းပြောင်းရွှေ့ခံရတာတို့ အဲဒါတွေ အဆက်မပြတ် ခြိမ်းခြောက်ခံနေရမှာဘဲ*”

နယူးဒေလီမြို့ ပန်းခြံတွေမှာလည်း မြန်မာ့ဒီမိုကရေစီအင်အားစု ၄၀ လောက်က သံလွင်ရေကာတာတည်ဆောက်မှု စီမံကိန်းရပ်တန့်ဖို့ကန့်ကွက်ဆန္ဒပြကြပါတယ်။ ပိုစတာတွေ၊ ဆိုင်းဘုတ်တွေကိုင်ပြီးတော့ သံလွင်ရေကာတာတည်ဆောက်ရေး စီမံကိန်း ရပ်ဆိုင်းဖို့ အဲဒီကရတဲ့ အကျိုးဆက်တွေက တပ်တွေတိုးချဲ့လာနိုင်ပြီး သဘာဝအရင်းအမြစ်တွေ၊ သစ်တောတွေ၊ တောရိုင်းတိရစ္ဆာန်တွေ တိမ်ကောမျိုးတုံးသွားမယ်။ ဒေသတွင်းမှာရှိတဲ့ တိုင်းရင်းသားတွေ အဓမ္မပြောင်းရွှေ့ခံရမှု၊ အဓမ္မလုပ်အားပေးမှု စတာတွေတိုးပွားနေတယ်ဆိုတဲ့အကြောင်းပြောကြပါတယ်။ ဆန္ဒပြတဲ့လူတွေထဲမှာ နိုင်ငံတိုင်းဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းရှိပေမဲ့ အနာဂါတ်မျိုးဆက်သစ်တွေအတွက် ထည့်စဉ်းစားဖို့လိုကြောင်း၊ ဗမာစစ်အစိုးရက သဘာဝအရင်းအမြစ်နဲ့ လူထုကျန်းမာရေး၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုကို အကောင် အထည်မဖော်ဘဲ စစ်အင်အားတိုးချဲ့ဖို့လောက်ပဲစဉ်းစားကြောင်း၊ ရွှေ့ပြောင်းခံရတဲ့ရွာတွေကိုလည်း လျော်ကြေးမပေး၊ သူတို့ဘဝ ပြန်လည်တည်ဆောက်ရေးအတွက်လည်း အာမမခံ၊ နှစ်ရှည်စောင့်စားပြီးမှအကျိုးခံစားရတဲ့ ဥယျာဉ်ခြံမြေတွေကိုလည်းဖျက်ဆီး၊ စတာတွေ ခံခဲ့ရကြောင်းပြောကြပါတယ်။ အဲဒီအထဲမှာ ဟုမ္မလင်းနယ်က ကူကီး တိုင်းရင်းသူလေးတစ်ယောက်က ချင်းတွင်းတမံသီရေအားလျှပ်စစ် စီမံကိန်းကြောင့်ဖြစ်ပေါ်လာတဲ့အကျိုးဆက်တွေကို အခုလိုပြောပါတယ်။

“*ကျမတို့ရွာမှာဆိုရင် လက်ဖက်ခြံ၊ ငှက်ပျောခြံ၊ ဝါးခင်း၊ ဒညင်းခြံတွေဖျက်ဆီးခံရတယ်။ ပတ်ဝန်းကျင်ရွာကလူတွေလည်း လုပ်အားပေးရတယ်။ ကိုယ်ရွှေ့ပြောင်းသွားနေမဲ့နေရာလည်း ကိုယ့်ဟာကိုယ်သွားရှင်းရတယ်။ ပေးတဲ့နေရာကလည်း ကိုယ့်အတွက်ရေရှည်စီမံကိန်းသူတို့ဘာမှလုပ်မပေးဘူး။ နေဖို့အတွက်နေရာပဲပေးပါတယ်။*”

ဆန္ဒပြပွဲမှာ ထပ်ပြောတာတွေက “*ဒီပြဿနာရဲ့အရင်းအမြစ်ဟာ စစ်အာဏာရှင်စနစ်ကြောင့်ဖြစ်တယ်။ စစ်အာဏာရှင်စနစ်မပြောင်းမချင်း လူထုခံစားနေရတဲ့ပြဿနာတွေ ပြေလည်မှာမဟုတ်ဘူး။ ဒါကြောင့် သဘာဝအရင်းအမြစ်တွေကို လူထုခံစားရဖို့က ဒီမိုကရေစီစနစ်ကိုအမြန်ဆုံးအကောင်အထည်ဖော်ဖို့တိုက်တွန်းပါတယ်*” ဆိုတဲ့အချက်ကို အဓိကထားပြီးပြောသွားပါတယ်။

အလားတူ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့မှာလည်းဘဲ သံလွင်မြစ်ရေကာတာစီမံကိန်းဆန့်ကျင်တဲ့ဆန္ဒပြပွဲကို ဩစတြေးလျနိုင်ငံရောက် မြန်မာလူမျိုးတွေစုပေါင်းပြီးကျင်းပကြပါတယ်။ ဒီလိုဘဲ ကနေဒါအရှေ့ဘက်ခြမ်း အော်တာဝါမြို့နဲ့ အနောက်ဘက်ခြမ်း ဗဲင်ကူးဝါးမြို့က မြန်မာ့အရေးလှုပ်ရှားသူတွေဟာ ထိုင်းသံရုံးကတာဝန်ရှိသူတွေကို သွားရောက်တွေ့ဆုံပြီး သံလွင်မြစ်ရေကာတာ တည်ဆောက်မှုရပ်ဆိုင်းပေးဖို့မေတ္တာရပ်ခံစာတွေပေးခဲ့ပါတယ်။အော်တာဝါမြို့မှာရှိတဲ့ ထိုင်းသံရုံးကို ကနေဒါ အခြေစိုက် (Canadian Friends of Burma ) လို့ခေါ်တဲ့ ကနေဒါ မြန်မာ့မိတ်ဆွေ များအဖွဲ့နဲ့ ( Friends of the Earth Canada) လို့ခေါ်တဲ့ ကနေဒါ ကမ္ဘာမြေမိတ်ဆွေများအဖွဲ့က အမှုဆောင် ညွှန်ကြားရေးမှူး ဦးဆောင်တဲ့အဖွဲ့က မေတ္တာရပ်ခံစာ သွားရောက်ပေးအပ်ခဲ့ပါတယ်။ ထိုင်းသံရုံး တာဝန်ရှိသူတွေနဲ့သွားရောက်တွေ့ဆုံတဲ့ ကနေဒါ မြန်မာ့မိတ်ဆွေများ အဖွဲ့ရဲ့ ဦးတင်မောင်ထူးက “*ကျနော်တို့စိုးရိမ်ကြောင့်ကြမှုအကြောင်း ထိုင်းသံရုံးကိုပြောပြတာပါ။ ထိုင်းအစိုးရက ဒါတွေကိုသေသေချာချာ ပြန်ပြီးစဉ်းစားသင့်တယ်ဆိုတဲ့ အချက်တွေလည်း ပြောပြပါတယ်။ ထူးခြားတာက ထိုင်းသံရုံးက ကျနော်တို့ကို ကောင်းကောင်းမွန်မွန် လက်ခံတွေ့ဆုံတယ်။ ကျနော်တို့ ပြောပြတာ*

*တွေကိုလည်း သေသေချာချာနားထောင်ပေးတယ်။ ကျနော်တို့ စိုးရိမ်ကြောင့်ကြနေတဲ့ အကြောင်းကို ထိုင်းအစိုးရကို တင်ပြပေးမယ်လို့လည်းပြောပါတယ်။ ကနေ့ဒါမှာတော့ ကျနော်တို့ အနေအထားက အကြောင်းအရာရှိတိုင်း ထိုင်းသံရုံးက ကျနော်တို့ကိုအမြဲတမ်းကြိုဆိုပါတယ်။”*

ကနေဒါ ကမ္ဘာမြေမိတ်ဆွေများအဖွဲ့က အမှုဆောင်ညွှန်ကြားရေးမှူးကလည်း အခုလိုပြောပါတယ်။ *“ထိုင်းနိုင်ငံဟာ ရေရှည်တည်တံ့ရေးထိန်းသိမ်းတဲ့ကိစ္စတွေ တိုးတက်နေတဲ့နေရာမှာ နအဖနဲ့ လက်မှတ်ရေးထိုးထားတဲ့ **MoU** နားလည်မှုစာချွန်လွှာကို ရပ်ဆိုင်းထားကောင်းထားနိုင်ပါတယ်။ ထိုင်းနိုင်ငံဟာ နေရောင်ခြည်စွမ်းအင်၊ လေစွမ်းအင်နဲ့ ဇီဝလောင်စာလိုအစားထိုးလောင်စာတွေ အများကြီးရှာဖွေကောင်းရှာဖွေနိုင်ပါတယ်။ မြန်မာပြည်သူတွေ ထိခိုက်နစ်နာတာမျိုးမရှိဘဲ ထိုင်းပြည်သူတွေအတွက် ထိုင်းနိုင်ငံမှာဘဲ ဒီလိုစွမ်းအင်တွေထုတ်နိုင်ပါတယ်” လို့ အဲဒီပုဂ္ဂိုလ်က ပြောဆိုသွားတာပါ။*

*ဖဲင်ကူးဝါးမြို့ ထိုင်းကောင်စစ်ဝန်ရုံးမှာ ဘန်ကူးဝါးမြန်မာဆွေးနွေးပွဲစကားဝိုင်းအဖွဲ့နဲ့အတူ မေတ္တာရပ်ခံစာသွားပေးတဲ့ မြန်မာကျောင်းသားများဒီမိုကရက်တစ်အဖွဲ့ နိုင်ငံတကာဆက်ဆံရေး၊ ညှိနှိုင်းရေးမှူးကိုစည်သူကတော့ “မြန်မာကျောင်းသားများ ဒီမိုကရက်တစ်အဖွဲ့နဲ့ ဖဲင်ကူးဝါး မြန်မာဆွေးနွေးပွဲစကားဝိုင်းအဖွဲ့ ပူးပေါင်းပြီး အဖွဲ့ ၂ ဖွဲ့သွားပေးတာပါ။ အဲဒီအထဲမှာ ရေကာတာဆောက်တဲ့ကိစ္စ ပြန်လည်စဉ်းစားပေးဖို့ ထိုင်းအစိုးရကို အသနားခံစာသွားပေးတာပါ။ **Deputy Council** နဲ့တွေ့တော့ သူကဒီကိစ္စကိုသူကြားနေရတာကြာပြီ။ ဒါပေမဲ့ အတိအကျသူမသိရဘူးဆိုတဲ့အခါကျတော့ ကျနော်တို့ သူ့ကိုအရင်စပြောရတာပေါ့။ ဒါနဲ့သူက ကျနော်တို့တင်ပေးလိုက်တဲ့စာတွေကို အစိုးရဆီရောက်အောင်တင်ပေးမယ်လို့ ကတိပေးပါတယ်။ ကျနော်တို့တမြို့ထဲမှာပဲ လုပ်နေတာမဟုတ်တဲ့အကြောင်း၊ တကမ္ဘာလုံးမှာရှိတဲ့မြို့တွေအများကြီးမှာ လုပ်နေတဲ့အကြောင်း သူ့ကို ကျနော်တို့ရှင်းပြရတယ်။”*

**RFA 1.3.2007**

# သံလွင်ရေကာတာ တည်ဆောက်မှု ရပ်တန့်ကရပ်ရန် သျှမ်းသဘာဝအဖွဲ့ တောင်းဆို



Photo : SHAN

**မြစ်မင်းသံလွင်၊ နေဝင်ချိန်လော?**

၂၉၊၃၊၂၀၀၇ တွင်ထိုင်းနိုင်ငံ MDX ကုမ္ပဏီမှ ဦးစီးကာ တာ့ဆန်း သံလွင်တံတားအနီး ရေကာတာတည်ဆောက်ရေးဖွင့်ပွဲ အခမ်းအနားသို့မဖြစ်မနေ တက်ရောက်ရန် မိုင်းပန်မြို့နယ်နှင့်မိုင်းတုံမြို့နယ်မှ ဒေသခံကျေးလက်ပြည်သူ အယောက် ၄၀၀ ခန့်အား နအဖကဆင့်ခေါ်ခဲ့သည်ဟု ဆိုပါသည်။ ရေကာတာတည်ဆောက်မှု၏ အကျိုးဆက်သည် သံလွင်မြစ်ဝှမ်းတစ်လျှောက် မှီတင်းနေထိုင်သော ဌာနေတိုင်းရင်းသားများအား အချိန်မရွေး လုပ်အားပေး ခိုင်းစေမှုများနှင့် အခြားလူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ သဘာဝပတ်ဝန်းကျင်လည်း ပျက်စီးထိခိုက်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ သံလွင်ရေကာတာတည်ဆောက်မှုစီမံကိန်း ရပ်တန့်ကရပ်ရန် MDX ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီအား သျှမ်းသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့က အကြံပြုစာပေးပို့ခဲ့သည်ဟု ဆိုပါသည်။

ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်မည့် နအဖ အကြီးအကဲများအား ကြိုဆိုရန် မိုင်းပန်မြို့နှင့် မိုင်းတုံမြို့မှ ကျောင်းသူကျောင်းသားများ၊ ဒေသခံပြည်သူများနှင့် နအဖ ဝန်ထမ်းအယောက် ၄၀၀ ခန့် ဆင့်ဆိုထားရာ ၆ ဘီးကားများဖြင့် ရေကာတာတည်ဆောက်မည့်နေရာအနီးသို့ တင်ဆောင်ခဲ့ကြောင်း၊ ဆင့်ခေါ်ခံရပြီး အခမ်းအနား မတက်ရောက်သူများအား အချုပ်ခန်းပို့ မည်ဟုလည်း နအဖ အာဏာပိုင်များခြိမ်းခြောက်ထားကြောင်း ပွဲတက်ရောက်သူများက ပြန်လည်ပြောပြပါသည်။

ရေကာတာတည်ဆောက်မှုစီမံကိန်း သဘောတူစာချုပ် စတင်ချုပ်ဆိုခဲ့ကြသည့် လွန်ခဲ့သော ၁၀ နှစ် ကတည်းက အဓမ္မရွှေ့ပြောင်းခံရသည့် ဒေသခံပြည်သူဦးရေ ၆၀၀၀၀ ခန့်ရှိလေရာ အများစုမှာ ထိုင်းနိုင်ငံသို့ထွက်ပြေးတိမ်းရှောင်ခဲ့ပြီး၊ တောတောင်ထဲ ပုန်းရှောင်နေရသူများမှာလည်း နအဖ၏ဥပဒေမဲ့ သတ်ဖြတ်မှု၊ ခိုင်းစေနှိပ်စက်မှု အမျိုးမျိုးခံရခြင်း၊ အမျိုးသမီးများလည်း နအဖစစ်သားများ၏ အဓမ္မပြုကျင့် ခံရခြင်းများ အတောမသတ်နိုင်အောင် ရှိခဲ့သည် ဟုဆိုသည်။ ❑

# သံလွင်ရေကာတာအကြောင်း ထယ်လောင်းပြောပြ

သျှမ်းပြည်တောင်ပိုင်း မိုင်းပန်မြို့နယ် နဲ့မိုင်းတုံကြားမှာ ရှိတဲ့ သံလွင်မြစ်မှာ တာ့ဆန်းရေကာတာစီမံကိန်း ဆောက်လုပ်ဖို့မြန်မာနဲ့ ထိုင်းအစိုးရတို့လွှန်ခဲ့တဲ့ ၁၀ နှစ် စတင်သဘောတူခဲ့ကတည်းက ဒီရေကာတာ စီမံကိန်းကြောင့်ဖြစ်ပေါ်လာမဲ့ သဘာဝပတ်ဝန်းကျင် ဆိုင်ရာထိခိုက်မှုတွေ၊ သံလွင်မြစ်ဝှမ်းတလျှောက် နေထိုင်ကြတဲ့ သျှမ်း၊ ကရင်၊ မွန် ၊ ကရင်နီစတဲ့ ဌာနေတိုင်းရင်းသားများ ကြုံတွေ့နိုင်တဲ့ ဒုက္ခတွေ၊ ထောက်ပြပြီးတော့ ကန့်ကွက်မှု မျိုးစုံရှိနေပါတယ်။

အခုတစ်ခါ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး သျှမ်းအဖွဲ့ကလည်း သူတို့ရဲ့အကြံပြုကန့်ကွက်စာကို တာ့ဆန်းဒေသက စီမံကိန်းဆောက် လုပ်မဲ့ ထိုင်းနိုင်ငံက MDX ကုမ္ပဏီထံ ရေကာတာ ဆောက်လုပ်ရေးဖွင့်ပွဲပြုလုပ်ခဲ့တဲ့မတ်လ ၂၉ရက်နေ့ကဘဲပေးပို့ခဲ့ပါတယ်။ အဲဒီလိုပေးပို့တဲ့ ကန့်ကွက်စာနဲ့ပတ်သက်ပြီးတော့ သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး သျှမ်းအဖွဲ့ ပြောခွင့်ရသူ စိုင်းစိုင်းက–

“ကျနော်တို့လုပ်ရတဲ့ အကြောင်းရင်းကတော့ တာ့ဆန်းရေကာတာ ရေအားလျှပ်စစ်စီမံကိန်း တကယ်ဆောက်လုပ်ဖြစ်မယ်ဆိုရင် ဟိုးဒေသမှာရှိနေတဲ့ပြည်သူတွေ၊ အရင်တုန်းက မောင်းထုတ်ခံရတဲ့ လူထုတွေ၊ ကိုယ့်အိုးအိမ်ကိုပြန်မရဘဲ နိုင်ငံမဲ့၊နယ်မြေမရှိတဲ့လူတွေဖြစ်နေတယ်။ နောက်ပြီးတော့ အကယ်၍ MDX ကုမ္ပဏီက ဒီစီမံကိန်းကို ဆက်ပြီးတော့လုပ်သွားမယ်ဆိုရင် MDX လဲဘဲ နအဖ လိုလူ့အခွင့် အရေးချိုးဖောက်တဲ့၊ ကမ္ဘာမှာနာမည်ဆိုးအဖွဲ့အစည်းဖြစ်သွားပါမယ်။ အဲဒါကြောင့် MDX ကိုနှုတ်ထွက်ခိုင်းခဲ့ပါတယ်။ အဓိကကတော့ ကျိုန်းခမ်းကျေးရွာအုပ်စု၊ မိုင်းပူးလုံကျေးရွာအုပ်စု၊ ကျိုန်းလုံးကျေးရွာအုပ်စု၊ အဲဒီကျေးရွာအုပ်စုတွေမှာ အစိုးရမရွှေ့ပြောင်းခိုင်းခင်တုန်းက လူဦးရေ ၆၀,၀၀၀ လောက်ရှိပါတယ်။ ၁၉၉၆– ၉၇ နောက်ပိုင်းမှာ နအဖ က အတင်းအဓမ္မနေရာရွှေ့ပြောင်းခိုင်းတဲ့အတွက်ကြောင့် လူဦးရေ ၃၅,၀၀၀ လောက် ထိုင်းဘက်ကို ရွှေ့ပြောင်းအလုပ်သမား ဘဝအနေနဲ့ဖြစ်ဖြစ်၊ ဒုက္ခသည်ဘဝအနေနဲ့ဖြစ်ဖြစ် ရောက်သွားခဲ့ကြတယ်။ ဒီဒေသမှာကျန်ရှိနေတဲ့ လူထုကလည်း ကိုယ့်ကျေးရွာမှာ ကိုယ့်နယ်မြေပေါ်မှာ၊ ကိုယ့်အိုးအိမ်ပေါ်မှာနေခွင့်မရဘဲ ဘာလျှော်ကြေးမှမရဘဲနဲ့ ဒုက္ခခံနေရတဲ့လူတွေဖြစ်နေကြတယ်။ ကျိုန်းခမ်းကျေးရွာအုပ်စုမှာဆိုရင် ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းတွေ ဥပမာ ဘုန်းကြီးကျောင်းတို့ စေတီ တို့ ရေလွှမ်းမိုးခံရမယ်။ နောက်ပြီးတော့ ကျိုန်းခမ်းမြို့ဟာ တကယ့်သဘာဝပတ်ဝန်းကျင် ကြွယ်ဝတဲ့နေရာဖြစ်ပါတယ်။ နောက်ပြီးတော့ အဲဒီဒေသအတွင်းမှာ နအဖ စစ်ခင်းလာတာလည်းရှိတယ်။ ကျိုန်းခမ်းကျေးရွာအုပ်စုကနေ သံလွင်မြစ်အထိ ( သံလွင်မြစ်လက်တက် တိမ်းချောင်းတို့ နမ့်ပန်တို့မှာ) ကြီးမားတဲ့ ရေတံခွန် ၄–၅ ခုလောက်ရှိတယ်။ အဲဒီ တကယ်လှပနေတဲ့ သဘာဝ ပတ်ဝန်းကျင်တွေ ဘယ်သူမှမမြင်ဘဲ ရေအောက်မှာ လွှမ်းမိုးခြင်းခံနေရတော့မှဖြစ်ပါတယ်။”

**BBC 4.4.2007**

**စာမျက်နှာ ၂၃ မှ**

မေးမြန်း၍ ကျနော်အကျယ်တဝင့်ရေးသားဖြေရှင်းခဲ့ပြီးဖြစ်ပါတယ်။ **ရှမ်းမူ**လို့ခေါ်တဲ့ **ဖက်ဒရယ်မူ** နဲ့ပတ်သက်လို့လည်း စာမျက်နှာ(၂၀၀) ခန့်ရေးသားရှင်းလင်းခဲ့ပြီးဖြစ်ပါတယ်။

၁၉၆၇ ခုနှစ်လောက်ကလို့ကျနော်ထင်ပါတယ်။ တော်လှန်ရေးကောင်စီဥက္ကဌကြီး ဗိုလ်ချုပ်ကြီးနေဝင်းက ဖက်ဒရယ်မူနဲ့ ပတ်သက်ပြီး အယူအဆရှင်းလင်းသွားခဲ့လို့ ၄င်းကိစ္စကိုရပ်တန်းကရပ်ကြဖို့ ပြောကြားခဲ့တယ်လို့ ကျနော်တစ်ဆင့်စကားကြားခဲ့ရပါ တယ်။ ၁၉၆၇ ခုနှစ်နောက်ပိုင်း တော်လှန်ရေးကောင်စီဟာ အာဏာသိမ်းရတဲ့ အကြောင်းကိုပြောတဲ့အခါ ဖက်ဒရယ်မူကို သိပ်မဖော်ပြတော့ဘဲ ဗိုလ်ချုပ်အောင်ဆန်းရဲ့လမ်းစဉ်နဲ့သွေဖီလာလို့ အာဏာသိမ်းရတဲ့အကြောင်း ပြောင်းလဲဖော်ပြလာတာ တွေ့ရပါတယ်။

ဗိုလ်ချုပ်မှူးကြီး စောမောင်ရဲ့လမ်းညွှန်ချက်အရ သမိုင်းဖြစ်ရပ်အမှန်ပြုစုရေးအဖွဲ့က ကျနော်နဲ့လာတွေ့တဲ့အခါ ကျနော်အကြောင်းစုံပြောပြခဲ့ပါတယ်။ ကျနော်ပြောပြချက်များကို တိပ်ခွေ (၆) ခွေခန့်သွင်းယူသွားခဲ့ပါတယ်။ ဗိုလ်ချုပ်အားရင် တောင်းယူနားဆင်ကြည့်ပါ။

ဗိုလ်ချုပ်တို့ခံယူသလို သမိုင်းဆိုတာ တိမ်းစောင်းချွတ်ချော်နေ၍မကောင်းပါဘူး။ မင်းလိုလိုက်ပြီး မင်းအကြိုက်ရေးလို့လည်း မကောင်းပါဘူး။ ဖြစ်ရပ်အမှန်ကို အမှန်အတိုင်းရေးသင့်တယ်ဆိုတာကို ကျနော်အလေးအနက်ထောက်ခံပါတယ်။

ဗိုလ်ချုပ်ခင်ညွှန့်ကျန်းမာချမ်းသာပါစေ။

လေးစားစွာဖြင့် ...

**ထွန်းမြင့်**

**ဦးထွန်းမြင့် ၅၈၊ ရေထွက်ဦးလမ်း၊ ရေအေးကွင်းရပ်၊ တောင်ကြီးမြို့**

**စာရေးသူသည် ဒုတိယကမ္ဘာစစ်အပြီး နှင့် တပ်မတော် အာဏာသိမ်းသော ၁၉၆၂ အတောအတွင်း အထူးကျော်ကြား သြဇာတိက္ကမ ကြီးမားသော သျှမ်းပြည်နိုင်ငံရေးသမားတဦးဖြစ်သည်။ သူရေးသော ခွဲရေးတွဲရေးပြဿနာ၊ ရှမ်းပြည်နစ်နာချက်များနှင့် ပြည်ထောင်စုတွင်းမှ တန်းတူသောရှမ်းပြည် တို့မှာ အထူးလူဖတ်များသော ဆောင်းပါးရှည်များဖြစ်သည်။**

(အယ်ဒီတာ)

# မီဒီယာဝိုင်း နှင့် သမိုင်းပေးတာဝန်

NLD ရဲ့အဓိကခေါင်းဆောင် ဒေါ်စုအချုပ်ခံရပြီးနောက်ပိုင်း ဗမာဒီမိုကရေစီသမားတွေရဲ့လှုပ်ရှားမှုဟာ ရပ်တန့်ငြိမ်သက်နေသလို ဖြစ်သွားခဲ့တယ်။ ပါတီအဖွဲ့အစည်း(သို့) မူလပင်မအင်အားကို ထိန်းထားရတဲ့သဘောဖြစ်နေတယ်။ ကြံ့ဖန်လှုပ်ရှားရတဲ့ ပြင်ပမီဒီယာ၊ ရေဒီယို၊ စာနယ်ဇင်းတွေကိုပဲ အားထားနေရတယ်။ ပြည်ပအခြေစိုက် ဗမာဒီမိုကရေစီအင်အားစုတွေရဲ့ မီဒီယာအဖွဲ့ပေါင်းဟာ ၃၀–၄၀ လောက်ရှိမယ်လို့ယူဆရတယ်။ စာနယ်ဇင်းကလည်း ၂၀–၃၀ လောက်ရှိတယ်။ အကောင်းမြင်ဝါဒနဲ့ကြည့်ရင် အင်အားမပျောက်သေးဘူး။ တနေ့အားပြန်ထဖို့ မီးခဲပြာဖုံး အရင်းခံလေးတော့ ရှိသေးပါလားဆိုပြီး ဝမ်းသာပေးရမှာဘဲ။

ဒို့သျှမ်းပြည်အမျိုးသားရေးကဏ္ဍတွေမှာကျတော့ သိရသလောက် စာနယ်ဇင်းဆိုလို့ ဂွဏ်းခေါ်ပဲ ရှိနေသလိုဖြစ်နေတယ်။ ဘာဘဲဖြစ်ဖြစ် ရှိနေရတာကိုပဲဆုပ်ကိုင်ထားရမှာပဲ။ မရှိတာထက် ရှိနေတာက ကောင်းတာပေါ့လေ။ ဂွဏ်းခေါ်ကို ပိုပြီးကြီးထွားလာအောင်လုပ်၊ ပြည်တွင်းဒေသပေါင်းစုံရောက်အောင်ပို့ (သို့) ဂွဏ်းခေါ်ဌာနခွဲ (သို့) အမည်သစ်တွေ ဖန်တီးထုတ်ဝေ၊ ပြည်တွင်းကိုအဓိကထားပို့ဆောင်ဖြန့်ချိနိုင်ရင်ကောင်းမှာပဲ။ ဒါပေမဲ့ အယ်ဒီတာက နှစ်ယောက်ထဲဆိုတော့ မနိုင်မနင်းဖြစ်နေသလိုဘဲ။ သနားပါတယ်။ ဒီအယ်ဒီတာတွေကလည်းလုပ်လာတာကြာတော့ ဂွဏ်းခေါ်မှာပဲ ဘဝမြှုပ်နေသလိုဖြစ်နေတယ်။



သျှမ်းပြည်၏သက်တမ်းအရှည်ကြာဆုံးဟုဆိုသော ကွဏ်းခေါ် Independence ဂျာနယ်

ဂွဏ်းခေါ်ကို ဆဲကြ၊ ချီးကျူးကြ၊ ဝေဖန်ကြ၊ အားပေးကြ တာဟာ media ထုံးစံဘဲ။ နိုင်ငံတိုင်းက media တွေလည်း ဒီလိုခံရတာဘဲ။ media ကိုသံယောဇဉ်ရှိသူ၊ ချစ်တဲ့သူ၊ ဝါသနာပါတဲ့သူတွေအဖို့ မဆန်းပါဘူး။ ဒီနေ့ အရှေ့အလယ်ပိုင်း အာရပ်ကမ္ဘာက ပဋိပက္ခတွေမှာ media သမားတွေလည်း အသက်အများကြီးပေးခဲ့ရပါပြီ။ စွန့်ခဲ့ရပြီ။ media တွေအဖို့ ဒီ ဆဲဆိုသံ၊ ချီးကျူးသံ၊ ဝေဖန်သံ ၊ အားပေးသံတွေကို သဘာဝအရ ပြန်ချစ်နေရမှာဘဲ။ ကျေးဇူးတင်ရမှာဘဲ။ ဒါဟာ ကိုယ်လုပ်နေတဲ့အလုပ်ကို လူထုကကြည့်ရှုနေသေးတဲ့သဘော၊ ဂရုပြုနေတဲ့သဘော၊ ဆက်စပ်နေတဲ့သဘော။ အထီးကျန် ကိုယ်ထင်ရာကျဲလုပ်လို့မရဘူး။ ပရိသတ်ရှိနေတဲ့သဘော ပြနေတော့ကောင်းတာဘဲ။မောတော့ မောတာပေါ့။

နိုင်ငံရေးတိုက်ခိုက်မှုအပိုင်းတွေမှာလည်း ဒီနေ့ KNU နဲ့ KIA တို့မှာဖြစ်နေသလို သျှမ်းအဖွဲ့တွေမှာလည်း အတူတူပါဘဲ။ အားလုံးသောလုပ်ရပ်တွေမှာ စေတနာပါတာ–မပါတာ တကဏ္ဍ။ ဒါပေမဲ့ သွယ်ဝိုက်ပြီး စစ်အုပ်စုမဟာဗမာကို အကျိုးပြုတာဘဲ။ ကျွန်သက်ရှည်ရေးလုပ်ရပ်တွေပါဘဲ။ နအဖ က ခွဲလို့ကွဲတာနဲ့ ကိုယ့်အချင်းချင်း ခွဲလို့ကွဲတာဘဲကွာပါတယ်။ဒီအကျိုးအကြောင်းအားလုံးနောက်ဆုံးတော့ နအဖ ကိုအကျိုးပြုပေးရာရောက်သွားရတယ်။

ဒါပေမဲ့ တော်လှန်ရေးဟာ ဒီရေလိုဘဲ အတက်အကျရှိတယ်။ တောင်တန်းလိုဘဲ အနိမ့်အမြင့်ရှိတယ်။ တိုင်းပြည်နဲ့လူမျိုး ကျွန်ဘဝ လွတ်မြောက်ရေးအတွက် မသေခင်လုပ်ရမဲ့ သမိုင်းပေးတာဝန်ကို လျစ်လျူရှုမထားဖို့က အဓိက ပဓါနဘဲ။

ဒီတော့ ဂွဏ်းခေါ်ကလည်း ကိုယ်လုပ်ရမဲ့အလုပ်ကို သမိုင်းပေးတာဝန်အရ လုပ်သွားပါ။ ကျွန်ဘဝက လွတ်မြောက်ရေးအတွက် အင်အားတွေများလာအောင် ဖော်ထုတ်အားပေးပါ။ ဖန်တီးပေးပါ။ တော်လှန်တဲ့ပါတီ၊ အဖွဲ့၊ ပုဂ္ဂိုလ်တစ်ဦးချင်းကအစ အားပေးပါ။ ပါတီချင်း၊ အဖွဲ့ချင်း၊ ပုဂ္ဂိုလ်ချင်းတွေ့ဆုံစုစည်းပေးပါ။ အပြန်အလှန် အသိအမှတ်ပြု–လေးစား–ယုံကြည်ရေး၊ စည်းလုံးညီညွတ်ရေး၊လွတ်လပ်ရေး ဆိုတဲ့ ဘောင်ထဲရောက်အောင်ဖန်တီးပေးပါ။ ဆော်ဩပါ။ ကူညီပါ။

အဖွဲ့ပေါင်းစုံနဲ့ ပါဝင်ပူးတွဲတိုက်ပွဲဝင်လာပြီးမှတော့၊ ဒုက္ခပေါင်းစုံ ဖြတ်သန်းလာပြီးမှတော့၊ ဒီလိုအဘိုးတန်တဲ့ အတွေ့အကြုံတွေကို အလဟဿ မဖြစ်စေပါနဲ့။ တန်ဘိုးထားပါ။ ဂုဏ်ယူပါ။ မဖောက်မပြန် လမ်းစဉ်အတိုင်းဆက်လျှောက်ပြီး မျိုးဆက်သစ်တွေကို အမွေပေးခဲ့ပါ။ မသေခင်လုပ်ရမဲ့မှန်မြတ်တဲ့ သမိုင်းပေးတာဝန်အဖြစ်မှတ်ယူပါ။ အဖိုးတန်တဲ့ ဆောင်းပါးတွေကို အလျဉ်းသင့်သလို ရေးဖို့ပေးလိုက်ပါမယ်။ စာကိုသိအောင်ဖတ်နိုင်ရင် တန်ဖိုးရှိတာပေါ့။ သေနတ်မကိုင်နိုင်တော့ ကလောင်ကိုင်ရမှာဘဲ။ မသေခင်လုပ်ရမဲ့ သမိုင်းပေးတာဝန်လေ။ မဖောက်မပြန် တော်လှန်ရေးသတိရှိကြပါစေ။

ကျားချာတိတ်

၂၁၊၃၊၀၇

# အမတ်ကြီး၏ တန်ဖိုး

ခိုင်ကျော်သောင်း (၈၈ မျိုးဆက်)

သူငယ်ချင်း– ဗမာပြည်မှာ စစ်အာဏာရှင်စနစ်ကို အာခံခဲ့လို့ မင်းထောင်ဒဏ်နှစ်ရှည်ကျပြီး ပြည်ပကိုထွက်ခွါလာခဲ့တယ်။ အမှန်က အစိုးရဝန်ထမ်း၊ တက္ကသိုလ်ဆရာတဦးအဖြစ် မင်းလုပ်ကိုင်ခွင့် မရတော့ပေမဲ့ ကျူရှင်ဆရာဘဝနဲ့ရပ်တည်နေခဲ့ရင်တောင် မင်းဟာ အိမ်ထောင်တခုကိုကျွေးမွေးပြုစုနိုင်တဲ့ ယောကျ်ားတစ်ယောက်ဖြစ်နေခဲ့ပြီး ပညာနဲ့ ဆရာဆိုတဲ့ ဂုဏ်ပုဒ်တခုကို မင်းအသင့်အတင့် ရရှိပိုင်ဆိုင်နိုင်လိမ့်မယ်။ ယုံကြည်ချက်တခုကို ကိုးကွယ်ခံယူချက်ကိုဆည်းကပ်တော်လှန်ရေးကို လမ်းဖေါက်ချလိုက်တော့။။ နိုင်ငံရေးအကျဉ်းသားသမဂ္ဂ၊ ဝါဒတူတွေ ပေါင်းစု၊ ထောင်ဝကိုအချစ်တခုလိုသံယောဇဉ်မပြတ်၊ နှိပ်စက်တာကို ပန်းနဲ့ပေါက်တာပဲလို့ မှတ်ကြမတဲ့လေ။ ဖရိုဖရဲ တစစီကွဲပြဲ၊ ရစရာငွေမရှိ၊ထောက်ပံ့သူမဲ့ တိုင်းရင်းသားအနိုင်ရပါတီ၊ အထွေထွေအကြွေးက ဘတ်နှစ်သောင်း၊ အချလောင်း၊ အမျိုးသားရေးအတွက် အကိုကြီး ဆက်လုပ်ပါ တတိယနိုင်ငံထွက်ပေါက်ရဖို့ ကျနော်တို့ ဒုက္ခသည်စခန်း ဝင်ကြမလို့ပါ တဲ့ လုပ်ပါရှင့်၊ လုပ်ပေးပါ။

သူငယ်ချင်း "တိုင်းပြည်အတွက် ငါ အစာငတ်၊ ရေပြတ်၊ ဘဝ ဆုံးဆုံးလူမှုန်းမှုန်း၊ ငါ – ဒီမိုကရေစီမရရင်မနေ၊ ငါ မသေ" လို့ ဆုံးဖြတ်ပြီး အပြောကျယ်တဲ့ နိုင်ငံရေးခရီးကို ခြေစုံပစ်လျှောက်လိုက်တယ်။ ကစဥ့်ကလျားဖြစ်နေတဲ့ပါတီ၊ အကွဲကွဲအပြားပြား ဖြစ်နေတဲ့လူတွေကို အစုစုအရပ်ရပ် နေထိုင်လုပ်ကိုင်ကြရာ နေရာအလိုက် ပါတီကော်မတီတွေဖွဲ့နိုင်အောင်ကြိုးစားတယ်။ နိုင်ငံကူးလက်မှတ်မရှိ၊ လမ်းစရိတ်မရှိ၊ ထိုင်းစကားမတတ်ပေမဲ့ ဖြစ်အောင်လုပ်မယ်၊ ရအောင်းစုမယ်ဆိုတဲ့ အသိစိတ် ယုံကြည်မှုကြောင့် ထိုင်းနိုင်ငံအနှံ့ ခရီးဆန့် စည်းရုံးရေးခရီးပြီးဆုံးခါနီးချိန်၊ ဒေသကော်မတီတွေနဲ့ ၂ လအတွင်း ဒီမိုကရေစီကျကျ ညီလာခံလုပ်မယ်လို့စီမံကိန်းရေးဆွဲပြီးချိန်၊ စည်းလုံးညီညွတ်မှု အရှိန်ရချိန်မှာ။။ ဘယ်ပါတီ၊ ဘယ်နေရာက ငါ အမတ်ကြီးဖြစ်တော့သကို၊ အမတ်တွေကိုမှ လူရာသွင်းတဲ့အဖွဲ့ဆီက တလကို ဒေါ်လာ ရတယ်။ ငါ ။။ ပြည်သူမဲပေးခဲ့တဲ့ အမတ်မင်း ။။။ ဟင်းဟင်း။ နိုင်ငံရေး ဆိုတာ အမတ်နဲ့သာဆိုင်သပ၊ ငါ ။။ အသော်ရတီ ပေးမှ ထိုင်း၌နေမှာ ဉက္ကဋ္ဌ၊ ဒုဉက္ကဋ္ဌ ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးတွေ ရွေးရမယ်။ ဘယ်သူကြိုက်ကြိုက်မကြိုက်ကြိုက်။။ငါစိတ်ကြိုက်ရွေးမယ်။ တယောက်မှ ငါ မကြိုက်ရင် ငါတယောက်ထဲလုပ်မယ်။ နိုင်ငံခြားမှာ နိုင်ငံရေးလုပ်တာ ကွန်ပြူတာ၊ အီးမေးလ် တတ်သူတယောက်ရရင် နိုင်ငံရေးလုပ်စားလို့ရတယ်။ ဘယ်သူမှထောက်ခံစရာမလို။ ငါ့ကို ဘယ်မြို့နယ်လူထု တစ်သိန်းက ထောက်ခံထားပြီး တကမ္ဘာလုံး အသိအမှတ်ပြုထားသူ ဖြစ်တယ်။

မင်းလို ကျောင်းမှာထောင်ကျလာသူနဲ့ငါစကားပြောဖို့အဆင့် (လယ်ဗယ်) မတူ။ စိန်ဝင်းတို့၊ သောင်းထွန်းတို့၊ ဒေါက်တာစန်းအောင်တို့နဲ့သာပြောရတဲ့သူဖြစ်တယ်။ မျက်စိပွင့်၊ နားပွင့်၊လွတ်မြောက်နယ်မြေမှာ သုံးနှစ်မှဆယ်နှစ်အထက် သတင်းစာ၊ စာစောင်တွေဖတ်နေကြတဲ့ လူငယ်တွေ။။။လူငယ်တွေ ကြားရကြားရ၊ နားဝမချမ်းသာလိုက်တာ၊ အံ့သြလိုက်ကြတာ၊ ဘာကစပြောလို့ပြောရမှန်းတောင်မသိကြတော့ဘူး၊ အားလုံး မှင်သက်ကုန်ကြတယ်။ စုတ်သပ် ကုန်ကြတယ်။

ဗမာပြည်မှာ ၁၉၉၀ ပြည့်ရွေးကောက်ပွဲတုန်းက ပြည်သူတွေရဲ့တခုတည်းသောဘုံတူညီချက်က –

*"ဦးနေဝင်း မဆလ တပါတီ အာဏာရှင်စနစ်ပြုတ်ကျရေး ။။ ဒို့အရေး၊ တစည အနိုင်မရရေး ။။ ဒို့အရေး၊ ဒီမိုကရေစီရရှိရေး ။။ဒို့အရေး"* ပါ။

ရွေးကောက်ပွဲကာလများက ပါတီအရောင် ဆေးနည်းနည်းဆိုး၊ ဝတ္တုတစ်ပုဒ် နှစ်ပုဒ်လောက်ဆိုင်အပ်၊ ပြောနိုင်ရင် ဘယ်ကောင်ပဲ ဝင်ပြိုင်ဝင်ပြိုင် မဆလ ၊ တစည ကလွဲရင် မဲရကိုရပြီး အမတ် ဖြစ်ကိုဖြစ်ပါတယ်။(တကယ့်နိုင်ငံချစ်၊ မျိုးချစ်နိုင်ငံရေးသမားများကို မဆိုလိုပါ)

ပြည်ပမှာနိုင်ငံရေးရာဇဝင်မှတ်တမ်းတင်ထားတာတွေရှိပါတယ်။ အမတ်ဖြစ်မှ၊ အနိုင်ရပါတီဖြစ်မှ နိုင်ငံရေးပြစ်မှုနဲ့ထောင်ကျဖူးမှ၊ ကျောင်းသားမှ၊ ဘာမှ ။။ ညာမှ ။။

အဲဒါတွေကြောင့် အဖြစ်ပြ၊ အလုပ်ပြ၊ စရိတ်ပြ ပြီး ဒီမိုကရေစီရရှိရေးအတွက် လုပ်ချလာလိုက်ကြတာ ၁၉ နှစ်ကြာခဲ့ကြပြီ၊ ပြည်တွင်းက ညီလာခံတက်နေတဲ့အမတ်တွေနဲ့ ပြည်ပမှာအမတ်တွေပါ UN နဲ့ အမေရိကန်ကလုပ်ပေးမဲ့ရက်ကို စောင့်နေကြပြီ။ ဗိုလ်သန်းရွှေတို့ သေတ္တာထဲအာဏာခေါက်သိမ်းပေးရင် ဝန်ကြီး၊ ဝန်ကလေး၊ မတ်စေ့၊ ကျပ်စေ့ ဝင်ဆွဲဖို့ အသင့်စောင့်နေကြတယ်လို့ ပြည်သူတွေက မြင်ချင်နေကြပြီ။

လမ်းမှာသေ၊ တောထဲမှာသေ၊ ထောင်ထဲမှာသေ၊ လမ်းမှာပျောက်၊ ထောင်ထဲရောက်၊ ဒီမိုကရေစီရမှ အမျှဝေမယ်ဆိုပြီး စောင့်နေကြတဲ့ ကျောင်းသားပြည်သူ၊ မိဘတွေ၊ စာတပုဒ်နဲ့၊ တိတ်ခွေတခွေနဲ့၊ ဓါတ်ပုံတပုံနဲ့ ထောင်ကျခံနေရတဲ့သူတွေ၊ ကျနေကြတဲ့ မျက်ရည်တွေ၊ သားသေ–လင်ပျောက်၊ လင်သေ–သားဆုံး၊ မိခင်ဖခင်တွေ နေ့စဉ်အဖမ်းခံနေရတဲ့ နိုင်ငံရေးမျိုးဆက်တွေ၊ စဉ်းစားကြပါအုန်းဗျာ။

အာဏာရှင် တွန်းလှန်ကြတာချင်းအတူတူ၊ လွတ်လပ်ချင်ကြတာချင်းအတူတူ မတွဲသင့်ကြဘူးလား? မပေါင်းစည်းသင့်ကြဘူးလား? ပေါင်းစည်းဖို့ မကြိုးစားကြတော့ဘူးလား? အာဏာရှင်တွေ လိုချင်သလို အမတ်ကြီးတို့ဖြစ်နေကြပြီလား? အာဏာရှင်ဆိုတာအချင်းချင်းခွဲထားမှ၊ ရန်တိုက်ပေးထားမှ၊ မစည်းလုံးကြမှ အာဏာသက်ဆိုးရှည်မယ်ဆိုတာကို သတိထားကြပါအုန်း။

ဒီနိုင်ငံမှာ ပထမဆုံး နိုင်ငံရေးမျက်စိပွင့်ခဲ့သူ၊ နိုင်ငံရေးကြောင့် ပထမဦးဆုံး ထောင်ကျခဲ့ရသူ ဆရာတော်ဦးဉတ္တမရဲ့ စကားတခုက "အတိတ်ကိုအကြောင်းခံ၊ ပစ္စုပ္ပန်ကိုမျက်မှောက်ပြု၊ အနာဂတ်ကို ရှေ့ရှုကြ "တဲ့။ အတိုက်အခံများ တပေါင်းတည်း၊ တကြောင်းတည်း မသွားသမျှ ကာလပတ်လုံး ဗမာပြည်မှာ အာဏာရှင်စနစ် မြဲနေမည်ဟု ကျွန်ုပ်ဆိုမည်။

❑ ❑ ❑

ယခင်လမှ အဆက်

# ပြည်သူတွေ ငြိမ်သက်တိုင်း အထင်မသေးနဲ့

ပြည်သူတွေငြိမ်သက်တိုင်း ဘာမှမလုပ်နိုင်တော့ဘူး၊ ကြောက်နေပြီလို့ယူဆရင် မှားသွားမှာပါ။ ပထဝီ မှာ သင်ခဲ့ရတဲ့အတိုင်း မုန်တိုင်းဆိုတာ ရိုင်းရိုင်းစိုင်းစိုင်းနဲ့တိုက်ခတ်တတ်သလို ယဉ်ယဉ်လေးနဲ့လည်း ဝင်တတ်ပါတယ်။ အခုဝင်လာမဲ့မုန်တိုင်းမှာ အစ်ကိုတို့ ပြည်သူဘက်က ပါဝင်မှာလား? အာဏာပိုင်ဘက်ကနေ ဖြိုခွင်းမှာလား? ဘာလို့လဲဆိုတော့ တပ်မတော်ကို ထိပ်တိုက်ရင်ဆိုင်နေတဲ့လူမှန်သမျှ အစ်ကိုတို့ ရင်ဆိုင်မယ်ဆိုတဲ့ ကြွေးကြော်သံကို ကျနော်ကြားနေရလို့ပါ။ ပြတ်ပြတ်သားသားဆုံးဖြတ်ဖို့အချိန်တန်ပါပြီ။ တစ်ပါတီ အာဏာရှင်ကို အစ်ကိုတို့ဖြုတ်ချခဲ့တာ ကျနော်လေးစားပါတယ်။ ဒီလိုဖြုတ်ချတဲ့နေရာမှာ ဝိဝါဒကွဲပြားမှုဖြစ်နေလို့ ကျနော်ရှင်းလင်းချင်ပါတယ်။ ကျောင်းသားတွေဟာ အရေးတော်ပုံတပ်ဦးကနေ တိုက်ပွဲဝင်ခဲ့တာမှန်ပါတယ်။ ဒါပေမဲ့ ဝန်ထမ်းတွေ၊ ရဟန်းရှင်လူပြည်သူတွေ၊ လမ်းမပေါ်ရောက်လာတော့မှ မဆလ အုပ်ချုပ်ရေးယန္တယားရပ်ဆိုင်းသွားတာပါ။ ကျည်ဆံအောက်မှာ အသက်ပျောက်ခဲ့ရတာ ဟာလည်း အလွှာပေါင်းစုံ ပါဝင်ပါတယ်။ ဝန်ထမ်းတွေဆိုရင် အလုပ်ပြုတ်၊ ထောင်ကျ၊ နယ်ပြောင်းနဲ့ အရေးယူခံရတာ ထောင်ဂဏန်းအထိရှိပါတယ်။ ဒီတော့ ကျောင်းသားအမည်ကို အစ်ကိုတို့အသုံးမချပါနဲ့တော့။အစ်ကိုတို့ဟာကျောင်းသားအရွယ်လွန်ခဲ့ပါပြီ။ ကျနော်ကတော့ မဟာသိပ္ပံဘွဲ့ယူဦး မှာမို့ ကျောင်းသားကြီးလို့ ယူဆလို့ရပါသေးတယ်။

## နာကျည်းမှုကို ရှေ့တန်းမတင်ပါနဲ့

ဒီကိစ္စမှာ ကျနော်စေတနာနဲ့အစ်ကိုတို့ကို အကြံပြုလိုပါတယ်။ ယနေ့ အစ်ကိုတို့သုံးနှုန်းတဲ့ နိုင်ငံရေးထိုးနှက်ချက်တွေဟာ ပုဂ္ဂိုလ် ရေးဆန်တယ်လို့ ကျနော်ယူဆပါတယ်။ အထူးသဖြင့် NLD နဲ့ဆိုင်ပါတယ်။ ကိုအေးလွင်ကပိုမိုပြင်းထန်ပြီး ကိုမင်းဆွေ(ငါး)ကတော့ စာနဲ့တိုက်ခိုက်တာကိုဖတ်ရပါတယ်။ **“ငါနဲ့မတူ ငါ့ရန်သူ”** ဆိုတဲ့ ဆိုရိုးစကားကိုလက်ကိုင်ပြုရင် နိုင်ငံရေးသမားမဟုတ်ဘူး။ အာဏာရှင်ဆန်သွားပါတယ်။ ကမ္ဘာ့နိုင်ငံရေးပီသုကာ သုခမိန်တွေ မိန့်ဆိုထားတာက **“နိုင်ငံရေးမှာ ထာဝရရန်သူ၊ ထာဝရ မိတ်ဆွေမရှိပါဘူး”** တဲ့။ ဒါကြောင့် International စံညွှန်းတွေနဲ့အညီ သုခမိန်တွေရဲ့မူကို လက်ခံစေလိုပါတယ်။ ဘာကြောင့်ဒီလိုသတိပေးရသလဲဆိုတော့ ၁၉၉၀ လွတ်လပ်၍ တရားမျှတသော ပါတီစုံရွေးကောက်ပွဲတုန်းက မဲအများဆုံးရတဲ့ NLD ကိုတိုက်ခိုက်တာဟာ မဲပေးသူပြည်သူတွေကို စော်ကားရာရောက်ပါတယ်။ ဝေဖန်ရင်တောင် ဘောင်ထဲကနေ အထောက်အထားနဲ့ ဝေဖန်ရတယ်။ အသားလွတ်ဝေဖန်လို့မရဘူး။ အပြုသဘောဆောင်ဝေဖန်တာကို NLD ကလက်မခံရင် ဒီမိုကရေစီခေါင်းစဉ်တပ်တဲ့ အဲ့ဒီပါတီကို ကျနော်လည်း တိုက်သင့်ရင်တိုက်ရမယ်။

ကျနော်လေ့လာသိရှိသလောက်တော့ NLD အတွင်းရေးဟာ ကျယ်ပြန့်ပါတယ်။ အန်တီစုရဲ့ ရှမ်းပြည်ခရီးစဉ်တုန်းက ရှမ်းပြည်နိုင်ငံရေးအင်အားစုတွေနဲ့တွေ့ဆုံတော့ ရင်ဖွင့်စကားဆိုဖူးတယ်။ *“ကျမတို့ ပါတီတွင်းမှာလည်း အမတ်ကိစ္စတွေရှင်းရဦးမှာ”*တဲ့။ ဒီလို ပါတီအတွင်းရေးကိစ္စကို ဦးအောင်ရွှေတို့လို ဝါရင့်လူကြီးတွေက ကိုင်တွယ်ဖြေရှင်းနေရတာပါ။ အကယ်၍ပါတီအတွင်းမှာ ဒီမိုကရေစီ မဆန်ဖြစ်လာရင် ကျနော်တို့လည်းပြောဖို့ဝတ္တရားရှိပါတယ်။ ဒီမှာတိုက်ဆိုင်တာပြောရဦးမယ်။ ရှမ်းပြည်မျိုးဆက်သစ်ဟာ NLD ကို အကြိမ်ကြိမ်အပြုသဘောဆောင်ဝေဖန်ဖူးပါတယ်။ ပုဂ္ဂိုလ်ရေးအရ တိုက်ခိုက်မှုမရှိဖူးဘူး။ ဒီလိုကြောင့်ဘဲ ကိုအေးလွင်က*“ NLD ကိုတိုက်မဲ့အဖွဲ့ပေါ်လာပြီ”*ဆိုပြီး ရှမ်းပြည်မျိုးဆက်သစ်အဖွဲ့ထံချဉ်းကပ်ခဲ့တယ်လို့ကျနော်ယူဆမိတယ်။

NLD နဲ့ပတ်သက်လာရင် တင်းမာတဲ့ကိုအေးလွင်ရဲ့တုန့်ပြန်ချက်ကိုကျနော်လေ့လာစုံစမ်းတော့ ရွေးကောက်ပွဲကာလက ကိုအေးလွင်နဲ့ NLD တို့ ပဲခူးတိုင်း သဲကုန်းမြို့မဲဆန္ဒနယ်မှာ ပြိုင်ဆိုင်ကြတုန်းက ကိုအေးလွင်ရှုံးသွားတယ်လို့ကျနော်ကြားဖူးပါတယ်။ အဲဒီရှုံးကြွေးကြောင့်ဘဲ ကိုအေးလွင်ဟာ NLD သာမက ၁၉၉၀ ရွေးကောက်ပွဲကိုပါနာကျည်းပုံရတယ်လို့ကျနော်တွက်ဆပါတယ်။ ကျနော်တွက်ဆတဲ့အတိုင်းဟုတ်မှန်ခဲ့ရင် ကိုအေးလွင်ဟာရွေးကောက်ပွဲ ရှုံးကြွေးကြောင့် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုဖြစ်သွားတယ်ဆိုတာ ကျနော်ပြောရဲပါတယ်။ ဒါကြောင့် နာကျည်းမှုကိုဖြေသိမ့်ပြီး ကုစားမယ်ဆိုရင် အချိန်မှီပါသေးတယ်။ ကိုအေးလွင်ရဲ့ သဘောထား တည့်မတ်လာတဲ့အချိန်မှာ NLD ဘက်က လက်မခံခဲ့ရင်တောင် ကျနော်တို့တိုင်းရင်းသား ဒီမိုကရေစီအင်အားစုတွေက ကြိုဆိုနေမှာပါ။

ကိုမင်းဆွေ (ငါး) အနေနဲ့လည်း စီးပွားရေးမျက်နှာကြည့်ပြီး အာဏာပိုင်တွေနဲ့ပေါင်းနေမှုကို အချိန်မှီထိန်းချုပ်ပါလို့ အကြံပေးလိုပါတယ်။ နအဖ နဲ့ပေါင်းမှစီးပွားဖြစ်မှာမဟုတ်ဘူး။ မြေပြန့်ကလူတွေ **“အကုသိုလ်ကောင် မင်းဆွေ”** လို့ခေါ်ဝေါ်သမုတ်ကြတာကိုလည်း စိတ်ဓါတ်မကျပါနဲ့။ ကျနော်တို့တောင်တန်းဒေသမှာ ငါးမွေးမြူရေး ပညာတတ်ကျွမ်းတဲ့ ကိုမင်းဆွေလို ငါးလုပ်ငန်းရှင်တွေအများကြီး လိုအပ်ပါတယ်။ ကျနော်တို့ တောင်ပေါ်မှာက ချောင်းငယ်၊ မြောင်းငယ် ကရတဲ့ ငါးသေးသေးလောက်ပဲစားရတာပါ။ အစ်ကို့ငါးကန်ကထွက်တဲ့ ငါးကြီးတွေကို ကျနော်တို့တောင်တန်းသားတွေ စားချင်လှပါတယ်။

ကဲအစ်ကိုတို့ရေ စာလည်းတော်တော်ရှည်သွားပြီ ၊ နောက်ဆုံးအနေနဲ့ပုံပြင်တစ်ပုဒ် လက်ဆောင်ပေးလိုက်ပါ့မယ်။ အစ်ကိုတို့ နားမထောင်ချင်လည်း ကလေးငယ်တွေကို အိပ်ရာဝင်ပုံပြင်အဖြစ် ပြောပေးပါ။ ကလေးတွေအရမ်းကြိုက်မှာပါ။တရံရောအခါကဇမ္ဗူဒီပါလကျ်ာ

တောင်ကျွန်း၊ ကြပ်ပြေးနေပြည်တော်မှာ ရတနာရွှေသန်း ဆိုတဲ့ ဘုရင်မင်းမြတ်ဟာ မင်းကျင့်တရား ၁၁ ပါးနဲ့အညီ တိုင်းပြည်ကိုအုပ်ချုပ်သတဲ့။ (၁ ပါးက ကျနော်ပိုပေးထားတာ)။ တစ်နေ့မှာ ဂန္ဓာလရာဇ်တိုင်းသားလူလိမ်တွေဟာ ဘုရင်ကြီးထံ နတ်ပုဆိုးလာရောင်းသတဲ့။ သူတို့ရဲ့နတ်ပုဆိုးဟာ မစ္စတာဦးတီပွားကုမ္ပဏီက ထုတ်လုပ်ပြီး ကွမ်ရင်မင်းသမီး ကိုယ်တိုင်ယက်ထားလို့ ဘုန်းတန်ခိုးရှိတဲ့ သူသာလျှင်ဒီပုဆိုးကိုမြင်နိုင်ကြောင်း လျှောက်တင်ကြတယ်။ ဘုရင်ကြီးဟာ မဝယ်ပြန်ရင်လည်း ဘုန်းတန်ခိုးမရှိဘူးလို့ အပြောခံရမှာမို့ မမြင်ရတဲ့ပုဆိုးကိုမြင်ရတယ်ဆိုပြီး ဝယ်ဝတ်လိုက်သတဲ့။ အဲဒီမှာတင် မိဘုရားခေါင်ကြီး (ရာမညတိုင်း၊သထုံမြို့သူ မုဆိုးမ) မဟာဒေဝီ နန်းလုံးကြိုင် ကလည်း "*နောက်တစ်ခါလာရင် နတ်လုံချည်ပါယူခဲ့*" ဆိုပြီး လူလိမ်တွေထံ စရံငွေကြိုပေးလိုက်သတဲ့။

ဘုရင်ကြီးလည်း ပိုသေချာအောင် တရားရေးဝန်ကြီးဖြစ်တဲ့ ပေါင်ချိန်အောင်တိုးကို နတ်ပုဆိုးဟုတ်မဟုတ် လာကြည့်ခိုင်းသတဲ့။ တရားရေးဝန်ကြီးကလည်း အနီးကပ်စစ်ဆေးပြီး "*မှန်လှပါ… ယခုနတ်ပုဆိုးဟာ တန်ဖိုးအနဂ္ဃထိုက်လှတဲ့ ရွှေညောင်နှစ်ပင်ချည်တွေနဲ့ယက်လုပ်ထားတဲ့အပြင် ယက်လုပ်တဲ့နေရာမှာလည်း လွန်းကြီး ၆ ခု လွန်းငယ် ၁၀၄ ခု သုံးထားတာကြောင့် နောင်နှစ်ပေါင်း ၄၀၀ ထိတိုင်ခိုင်ခံ့ပါမည်*" လို့လျှောက်တင်လိုက်တယ်။ ဘုရင်ကြီးဟာ လွန်စွာနှစ်ထောင်းအားရတော်မူလို့ ဂန္ဓာလရာဇ်တိုင်းသားတွေကို သူအုပ်ချုပ်တဲ့ ဂျင်းဖောနယ်က ကျွန်းတောကြီးကို အပိုဆုအဖြစ် ချီးမြှင့်လိုက်သတဲ့။

ကျန်တဲ့မှူးကြီးမတ်ရာတွေကလည်း မမြင်ရတဲ့နတ်ပုဆိုး ဝတ်ထားတာကို မြင်ရတယ်ဆိုပြီး ဘုရင်အကြိုက် မြှောက်ပင့်တော့တာဘဲ။ အဲ…သမီးထွေးလေးဖြစ်တဲ့ ခင်သန္တာဘုရင်ဂွမ်းဂွိကတော့ မျက်နှာတော်ညိုးနေတယ်တဲ့။ "*ဘဇာအကြောင်းကြောင့် သမီးတော်မျက်နှာညိုးနေရတာလဲ*"လို့ ဘုရင်ကြီးက မေးမြန်းလိုက်တော့ သမီးတော်က "*ဒီလိုဂုဏ်အင်ထူးကဲတဲ့ နတ်ပုဆိုးကို သမီးတော်ရဲ့ထိမ်းမြား လက်ထပ်ပွဲမှာ ခမည်းတော်ဝတ်ဆင်တာ တွေ့ချင်တာပေါ့၊ ခုမှလာရောင်းတော့ အချိန်နှောင်းသွားပြီပေါ့ ခမည်းတော်*" လို့ဖြေတော်မူသတဲ့။

သမီးကိုချစ်တော်မူတဲ့ ဘုရင်ကြီးဟာ သမီးထွေးလေးကို နှစ်သိမ့်လိုက်တာကတော့ "*အချိန်မနှောင်းသေးပါဘူးသမီးတော်ရယ် …သမီးတော်ရဲ့တတိယမြောက်ကြင်ယာတော်နဲ့ လက်ထပ်ထိမ်းမြားပွဲမှာ ခမည်းတော်ပြန်ဝတ်ပြမှာပေါ့… ကဲကဲ ရွှေမျက်နှာတော် ပြုံးတော်မူစမ်းပါသမီးတော်လေးရယ်*" ဆိုပြီး ချော့မော့အားပေးလိုက်သတဲ့။

ဒီလိုနဲ့ ဘုရင်ကြီးဟာ နတ်ပုဆိုးဝတ်ပြီး တိုင်းခန်းလှည့်လည်ချင်ကြောင်း တပ်မှူးသူရ–ဗလရွှေမန်းကို မိန့်တော်မူသတဲ့။တပ်တော်မှူးသူရ–ဗလရွှေမန်း ကလည်း ရှင်ဘုရင်တိုင်းခန်းလှည့်လည်တော်မူစဉ်ဖူးမျှော်ကြသူပြည်သူအပေါင်း နတ်ပုဆိုးမြင်ရကြောင်းပြောဖို့ ကြေငြာမောင်းခတ်လိုက်သတဲ့။ အကြောက်တရားနဲ့ ဖိနှိပ်ထားတာကြောင့် ပြည်သူအပေါင်းကလည်း ရှင်ဘုရင်ရဲ့ နတ်ပုဆိုးကို မြင်ရကြောင်း လျှောက်တင်ကြရတာပေါ့။

အဲ—ကမ္ဘောဇတိုင်း၌ာနေက အာလူးထမ်းပိုးပြီးလာရောင်းတဲ့ မင်းလွင်မြူခိုး ဆိုတဲ့ ငနဲလဲ ဗမာဘုရင်ကိုတွေ့ဖူးချင်တာကြောင့် လာမျှော်ဖူးသတဲ့ ။ ဒီမှာတင် မရှိတာကို မရှိတဲ့အတိုင်းမြင်တဲ့ တောင်တန်းသားလေးဟာ "*ဟာ…ဘုရင်ဖင်ပြောင်ကြီးနဲ့ ပုဆိုးလည်းမဝတ်ဘူး*" လို့အော်ပါလေရော။ အဲဒီအခါ လက်မရွံ့ပါးကွက်အာဏာသားသူဖုန်းစားခင်ရီတို့က ဖမ်းမယ်၊ ရိုက်မယ် လုပ်တော့တာပေါ့။

ဒါပေမဲ့ ဘုရင်ကြီးက "*ငါ့ရဲ့ မှူးကြီးမတ်ရာနဲ့တော်ဝင်မိသားစုတွေဟာ ငါ့ကိုမြှောက်ပင့်နေကြပါလား။*" ဆိုပြီးသံဝေဂရသွားသတဲ့။ ဒီလိုသံဝေဂတရားပေးသွားတဲ့ မြူခိုးမင်းလွင်ကိုလည်း ကျေးဇူးတင်တဲ့အနေနဲ့ "*ဝန်ကြီးရာထူးကို အလိုရှိသလော၊ မြို့စားအဖြစ် အလိုရှိသလော၊ သမီးထွေးလေးရဲ့ တတိယမြောက် ကြင်ယာတော်အဖြစ်အလိုရှိသလော*" ဆိုပြီး ဆုလဒ်တွေပေးဖို့ကမ်းလှမ်းသတဲ့။ ဒါပေမဲ့ တောင်တန်းသားလေးဟာ ဘုရင်ကြီးပေးတဲ့ ဆုလဒ်တွေကို အလိုမရှိဘဲ **"မြေဖြူတစ်ချောင်းနဲ့ ထရံကျောင်း"**ကိုသာတောင်းသတဲ့။ ဘုရင်ကြီးလဲ ဂရုဏာသက်စွာနဲ့ တောင်းဆိုတဲ့အတိုင်း ပေးလိုက်သတဲ့။

ကမ္ဘောဇတိုင်း၌ာနေကိုပြန်ရောက်တဲ့တောင်တန်းသားလေးဟာ ဘုရင်ကြီးချီးမြှင့်တဲ့ ဆုလဒ်ကိုအရင်းပြုပြီး ကြိုးစားလိုက်တာ **"မြေဖြူ တစ်ချောင်း ထရံကျောင်းနဲ့ပန်းပေါင်းများစွာပွင့်သွားသတဲ့။"** အဒီလို ပွင့်သွားတဲ့ပန်းတစ်ချို့ဆိုရင် ရပ်ဝေးနယ်ခြားအနောက်တိုင်းကားတွေဆီ ထွက်သွားလိုက်တာ ယခုချိန်အထိ ပြန်မလာကြတော့ဘူးတဲ့။ပုံပြင်လေးကတော့ ဒါပါဘဲ။ တိုက်ဆိုင်မှုရှိက ခွင့်လွှတ်ကြပါ။

**မှတ်ချက်** ။ ။ ဘုရားရိပ်၊ တရားရိပ် အေးမြတဲ့ ရွှေတိဂုံဘုရားအင်္ဂါထောင့်မှာရှိတဲ့ အာရုံခံမွှာရုံလေးမှာ ဒီစာတမ်းကိုရေးသားနေတုန်း ဆူညံတဲ့အသံတွေကြောင့်ပတ်ဝန်းကျင်ကိုကျနော်ကြည့်လိုက်တယ်။ အင်္ဂါနေ့တိုင်း ဝတ်ပြုဆုတောင်းဖို့လာကြတဲ့ အာဂအမျိုးသမီး နော်အုန်းလှတို့အဖွဲ့ကိုနယ်မြေခံအာဏာပိုင်ရွှေတိဂုံရဲ၊ ကြံ့ဖွံ့ဝင်အချို့က ဆူပူကြိမ်းမောင်းနှောက်ယှက်နေတာ တွေ့ရပါတယ်။ ဒီလိုစည်းကမ်းရှိရှိ ယဉ်ယဉ်ကျေးကျေး ဝတ်ပြုဆုတောင်းတာကိုရိုင်းစိုင်းစွာနှိပ်ကွပ်တဲ့အသံတွေကြောင့် ကျနော့်အတွက်စိတ်အနှောင့်အယှက်ဖြစ်ပြီး ဘုရားပေါ်ကဆင်းလာခဲ့ပါတယ်။

ဩော်— ဗုဒ္ဓဘာသာဝင် အထွဋ်အမြတ်ထားတဲ့ ရွှေတိဂုံဘုရားဟာ လူရမ်းကားအာဏာပိုင်တစ်ချို့ကြောင့်ညစ်ထေးသေးသိမ်ရလေခြင်း။

"ဝေဖန်သမှု—ပြုကြပါကုန်"

**စိုင်းမင်းလွင် (သျှမ်းပြည်)**

အီးမေးလ်—( shanarmy@gmail.com)
ဖုန်း——လျှောက်ထားဆဲ

# သျှမ်းခေါင်းဆောင်၏ 72 နှစ်မြောက် မွေးနေ့ကျင်းပ



Photo : SHAN

သျှမ်းဒီမိုကရက်တစ်အစည်းအရုံး **SDU** ခေါင်းဆောင် ခွန်ကြာနု ခေါ် စဝ်ဆိုင်ဆစ်၏ ၇၂ နှစ်ပြည့်မွေးနေ့ပွဲကို ၂၂၊ ၃၊၂၀၀၇ ရက်နေ့က ချင်းမိုင်ရှိသျှမ်းလူငယ်များအဖွဲ့နှင့် သျှမ်းအမျိုးသမီးရေးရာလှုပ်ရှားဆောင်ရွက်ရေးအသင်းတို့က ဦးဆောင်ကျင်းပရာ ဆွေမျိုးမိတ်သင်္ဂဟများ၊ မဟာမိတ်အဖွဲ့အစည်းများမှ ဧည့်သည်တော်များ ၁၀၀ ကျော်တက်ရောက်ကြောင်း သိရပါသည်။

မွေးနေ့ပွဲအခမ်းအနားကို ည ၇ နာရီအချိန်တွင် စတင်ခဲ့ရာ တက်ရောက်လာသူ ဧည့်သည်တော်များအနက် မခေါန်ခွန်ဆာက စဝ်ဆိုင်ဆစ်သည် ၁၉၅၉ ခုနှစ်ကတည်းက သျှမ်းလူမျိုးအတွက် လက်နက်ကိုင်တော်လှန်ရေးဆင်နွှဲလာခဲ့ပြီး တောက်လျှောက် နိုင်ငံရေးတွင်ပါဝင်လှုပ်ရှားခဲ့ရာ ယနေ့အထိ ၄၈ နှစ်ရှိပြီဖြစ်ကြောင်း၊ တော်လှန်ရေးသက်တမ်းတစ်လျှောက် ရန်သူထံ ဒူးမထောက် လက်မမြှောက်ပဲ ဆက်လက်တိုက်ပွဲဝင်လာခဲ့သည့်အပေါ် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ တော်လှန်ရေးသမားတစ်ယောက်၏ဘဝအတွက် အရာရာ အနစ်နာခံပေးခဲ့သည့် စဝ်ဆိုင်ဆစ်၏မိသားစုကိုလည်း ဂုဏ်ယူကျေးဇူးတင်မိကြောင်း၊ ယခုလို သျှမ်းလူမျိုးအတွက် ၄၈ နှစ်လုံးလုံး စွမ်းစွမ်းတမံ ကျေးဇူးပြုလာခဲ့သော ခေါင်းဆောင် စဝ်ဆိုင်ဆစ် အား ဂုဏ်ပြုမွေးနေ့ပွဲ အခမ်းအနားဖြစ်မြောက်ရေးအတွက် အစစအရာရာစီစဉ်ဆောင်ရွက်ပေးသော မျိုးဆက်သစ်သျှမ်းလူငယ်များကို လည်းကျေးဇူးတင်ကြောင်း၊ စဝ်ဆိုင်ဆစ်တစ်ယောက် အမျိုးသား အကျိုးကိုဆောင်ရွက်ရင်း သက်တော်ရာကျော်ရှည်ပါစေရန် တောင်းဆုမေတ္တာပို့သကြောင်း ဂုဏ်ပြုစကား ပြောကြားသွားပါသည်။ကြွရောက်လာသူလူကြီးမင်းများကလည်း မွေးနေ့ဆုတောင်းဂုဏ်ပြုစကား အသီးသီး ပြောကြားသွားကြပါသည်။

ခွန်ကြာနု ခေါ် စဝ်ဆိုင်ဆစ်သည် ၁၉၄၇ ပင်လုံစာချုပ်တွင် သျှမ်းပြည်ကိုယ်စားပြုလက်မှတ်ရေးထိုးခဲ့သူများအနက် တစ်ဦးပါဝင်သူ လုံးခွန်ကြာပု နှင့် ဒေါ်နန်းခင်မကြီးတို့မှ ဖွားမြင်သည့် မွေးချင်း ၁၀ ယောက်အနက် ၆ ယောက်မြောက်သားအဖြစ် ၁၉၃၅ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် သျှမ်းပြည်တောင်ပိုင်းတောင်ကြီးမြို့၌ မွေးဖွားခဲ့ပါသည်။ တောင်ကြီးခရိုင်၊ ကလောမြို့တွင် အထက်တန်းအောင်မြင်သဖြင့် ၁၉၅၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ သိပ္ပံဘာသာရပ်ကို ဖနှစ်သင်ယူခဲ့ပြီး ၁၉၅၉ ခုနှစ်တွင် **"နုံ့ဆစ်ဟန်"** သျှမ်းတော်လှန်ရေးတပ်သို့ဝင်ရောက်ခဲ့ပါသည်။ ၁၉၆၀ တွင် မိုင်းယွန်းမြို့၌ သျှမ်းပြည်လွတ်လပ်ရေးအဖွဲ့ချုပ် **Shan State Independence Organization** နှင့် သျှမ်းပြည်လွတ်လပ်ရေးတပ်မတော် **Shan State Independence Army** တို့ကိုဖွဲ့စည်းတည်ထောင်ရာတွင်ပါဝင်ခဲ့ပြီး၊ ၁၉၆၄ ခုနှစ်တွင် ဖွဲ့စည်းသည့် သျှမ်းပြည်တပ်မတော် **SSA** တွင် အမှတ် ၃ တပ်မဟာမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၇၁ တွင် ရှမ်းပြည်တိုးတက်ရေးပါတီ **SSPP** ၏ ဥက္ကဋ္ဌအဖြစ် တာဝန်ယူကာ ၁၉၇၆ တွင် လက်နက်ကိုင်တော်လှန်ခြင်းမှအနားယူခဲ့သည်။ ထို့နောက် ၁၉၉၂ ခုနှစ်တွင် **SSO** ရှမ်းပြည်အဖွဲ့ချုပ် ကိုတည်ထောင်ခဲ့ပြီး သက္ကရာဇ် ၂၀၀၀ တွင် သျှမ်းပြည်အခြေခံဥပဒေရေးဆွဲရေးအဖွဲ့ချုပ်၏ ဥက္ကဋ္ဌ အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံခဲ့ရသည်။ စဝ်ဆိုင်ဆစ်သည် ၂၀၀၁ ခုနှစ်တွင် တိုင်းရင်းသားလူမျိုးစုများသွေးစည်းခိုင်မာရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ **Ethnic Nationalities Solidarity Cooperation Committee (ENSCC)** တည်ထောင်မှုတွင် ပါဝင်ခဲ့သည်။ နောက်ပိုင်း တိုင်းရင်းသားများကောင်စီ **ENC** ဟုပြောင်းလဲခေါ်ဝေါ်ခဲ့ပါသည်။ ၂၀၀၄ ခုနှစ်တွင် ယခုလက်ရှိတာဝန်ထမ်းဆောင်နေသော သျှမ်းဒီမိုကရက်တစ်အစည်းအရုံး **SDU** ၏ ယာယီဥက္ကဋ္ဌ အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည်။

စဝ်ဆိုင်ဆစ်၏လက်စွဲဆောင်ပုဒ်တရပ်မှာ ***"စည်းလုံးညီညွတ်ခြင်းဟူသည်မှာ ဘော်လုံးရှိရာကို အစုလိုက် အပြုံလိုက် ပြေးလုယူခြင်းမျိုးမဟုတ်၊ တစ်ဦးနှင့်တစ်ဦး ဟန်ချက်ညီညီ အချိန်မှီ အပြန်အလှန် ဘော်လုံးအပေးအယူတည့်ပါမှ အောင်မြင်စွာဂိုးသွင်းနိုင်မှာဖြစ်တယ်"*** ဟူ၍ဖြစ်ပါသည်။ ❑







S.H.A.N. P.O.Box 15, Nong Hoi P.O., Chiangmai 50007, Thailand
e-mail: shan@cm.ksc.co.th www.shanland.org, www.mongloi.org